မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၁၁

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ် အာမက်ဒီနီဂျတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၁၁

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မိုဟာမက် ရီဇာ ရာဟီမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြ

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးများအားလုံးတို့သည် တစ်စိတ် တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခဲ့ကြပြီး ပြည်ပရန်စွယ် အသွယ်သွယ်ကို လက်တွဲ တွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါသည်။ ဤသို့ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်သော ကာလများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ အထူးပင် ရှင်သန်ဖွံ့ဖြိုး တိုးတက်ခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့် ကာလများတွင်မူ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ဆုတ်ယုတ်လျော့ပါးခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

ခေတ်မီဖွံ့ဖြိုး တိုးတက်စည်ပင် ရခိုင်ပြည်နယ်တစ်ခွင်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ဘက်အစွန်းပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာတိုင်းရင်းသားများနှင့် ချင်း၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်စသည့် တိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသည်။ ပင်လယ်ကမ်းရိုးတန်းနှင့် ရိုးမတောင်တန်းကြားတွင်တည်ရှိသော ပြည်နယ်ဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ◆

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)

ကူးစက်ရောဂါများမဖြစ်ပွားရေး ပြည်သူများပူးပေါင်းဆောင်ရွက်

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာပါမှ လူတိုင်းစိတ်ချမ်းသာခြင်းကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့်လည်း လူတိုင်းသည် ရောဂါကင်းရှင်းရေးအတွက် အလေးဂရုပြု နေထိုင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် ကူးစက်ရောဂါမဖြစ်ပွားရေးအတွက် သန့်ရှင်းစွာနေထိုင်စားသောက်ရန် အရေးကြီးပေသည်။ ကူးစက်ရောဂါများဖြစ်ပွားရခြင်းမှာ မသန့်ရှင်းသောအစားအစာများ စားသုံးမိခြင်း၊ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းတို့ကြောင့် ဖြစ်သည်။ ထို့အပြင် ခြင်မှတစ်ဆင့်ကူးစက်ခြင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းတို့ကြောင့်လည်း ဖြစ်သည်။

မသန့်ရှင်းသောအစားအသောက်နှင့် ရေမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများမှာ ဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ၊ တိုက်ဖွိုက်ရောဂါနှင့် အစာအဆိပ်သင့်ရောဂါတို့ဖြစ်ကြသည်။ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အစားအသောက်နှင့်ရေတို့ သန့်ရှင်းမှုအားနည်းခြင်းကြောင့် ရောဂါများဖြစ်ကြလေ့ရှိသည်။

အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှာ တီဘီရောဂါ၊ ဆားစ်ရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့် ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါများဖြစ်ကြသည်။ တီဘီရောဂါသည် ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ကိုးသန်းခန့်ဖြစ်ပွားပြီး ၁ ဒသမ ၇ သန်းခန့် သေဆုံးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ တီဘီရောဂါကာကွယ်ကုသရေးကို ဦးစားပေး၍ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါများသည် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ နှစ်စဉ် သန်း ၂၀၀ မှ ၃၀၀ အထိရှိသည်။ မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ နှစ်စဉ်ခြောက်သိန်းခန့်ရှိသည်။ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ အနှံ့အပြား၌ ဖြစ်ပွားပြီး အထူးသဖြင့် ကျေးလက်ဒေသများ၌ ပိုမိုဖြစ်ပွားသည်။ ထို့ကြောင့် ငှက်ဖျားရောဂါကိုလည်း ဦးစားပေးကာကွယ်ကုသရမည့် ရောဂါတစ်ခုအဖြစ် သတ်မှတ်ပြီး တိုးချဲ့တိုက်ဖျက်လျက်ရှိသည်။

သို့ဖြစ်၍ ကူးစက်ရောဂါများ မဖြစ်ပွားရေးအတွက် ပြည်သူများက ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ကြရမည့်အပြင် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အစားအစာနှင့် ရေသန့်ရှင်းမှုများကို ဂရုပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြိတ်ခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက မြိတ်-တနင်္သာရီ-မောတောင်လမ်း မိုင်တိုင်အမှတ် (၁၄/၅)လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ကွန်ပျူတာတက္ကသိုလ်(မြိတ်) ပင်မသုံးထပ်စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြိတ်-သမုတ်လမ်းပိုင်း မိုင်တိုင်အမှတ်(၈/၀)တွင် လမ်းပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှု၊ မြိတ်မြို့သစ် ဆိပ်ခံတံတားများ တည်ဆောက်ပြီးစီးမှုနှင့် ကုန်တင်ရေယာဉ်များ ဆိုက်ကပ်ရပ်နားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး တောင်ကုတ်မြို့နယ်၌ သင်တန်းဖွင့်

တောင်ကုတ် ဖေဖော်ဝါရီ ၁၀

တောင်ကုတ်မြို့နယ် မြို့နယ်မြေစာရင်းဦးစီးဌာနက ကြီးမှူး၍ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်း မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ရွှေက မြေစာရင်းဦးစီးဌာန၏ သမိုင်းကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကျော်မြစိန်၊ အတွင်းရေးမှူး ဦးဆန်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များ၊ တောင်ကုတ်မြို့နယ်နှင့် မအီမြို့တို့မှ မြေစာရင်းဦးစီးဌာနဝန်ထမ်း သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူးသီးတောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒွါရာဝတီလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းသင်တန်း လပွတ္တာမြို့နယ်၌ ဖွင့်လှစ်

လပွတ္တာ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ကြီးကြပ်မှုသင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ လပွတ္တာခရိုင် မြေစာရင်းဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့် လပွတ္တာမြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးအောင်ကျော်မြင့်**(အပေါ်ပုံ)**တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းကို ခရိုင်နှင့်မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၄၇ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ငမိုးရိပ်ဆောင်ခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ်အဆင့်နှင့် ကျောင်းတွင်း ဘက်စုံထူးချွန်ဆုကိုးဆုရရှိသော စတုတ္ထတန်းမှ မရွှေရည်ဝင်း(၁)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဘတင့်ဆွေ တို့က ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေး၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် ကဒုံကျေးရွာအုပ်စု ကဒုံကျေးရွာ ပညာဦးကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဇော်ဟန်၊ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၀၀၊ ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံး မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌက စာအုပ်စာစောင် ၅၀နှင့် အလှူငွေကျပ် ၁၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က နေ့စဉ်ထုတ်သတင်းစာ ခြောက်လစာနှင့် ဒို့ကျေးရွာဂျာနယ် ခြောက်လစာတို့ကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးမောင်ထွေးက ငွေကျပ် ၇၀၀၀၀၊ ဦးမင်းသူက ငွေကျပ် ၅၀၀၀၀၊ ဦးခင်ဝင်းက ငွေကျပ် ၆၀၀၀၀၊ ဦးကိုမောင်နှင့် ဦးဝင်းရွှေက ငွေကျပ် ၂၀၀၀၀၊ ဦးချစ်စိုးက ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။ အဆောက်အအုံ အမျိုးအစား တန်ဖိုးမှာ (၁၄×၂၁) ပေ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစား ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကျောက်တော်-ပလက်ဝ ကားလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဖေဖော်ဝါရီ ၃ ရက်က ကျောက်တော်-ပလက်ဝ ကားလမ်းတစ်လျှောက် လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တင်းမတံတား ရေလယ်တိုင်တည်ဆောက်နေမှု၊ ပြိုင်းတိုင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ကျောက်တန်းတံတား တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ကုလားတန်မြစ်ကြောင်း တစ်လျှောက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော သီးနှံစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုဖြူ မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်ဖြစ်ပြီး ဦးလှမြင့် ဖုန်း - ၂၂၄၃၉၁၊ ဦးလှမြင့်(ရွှေဟသာ်) ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃၊ ဦးကျော်သူ ဖုန်း-၂၂၃၆၆၆၊ ဦးမြင့်သိန်း ဖုန်း-၂၁၀၉၉၁ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(အမှုဆောင်အဖွဲ့)

ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေညောင်ပင်-မောက်ခဖာလမ်းတွင် မြေနီကျောက်ခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးလေးမော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဇော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စစ်တွေမြို့၌ သင်တန်းဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက စစ်တွေမြို့၌ ကျင်းပရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးထွန်းဝေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်စီမံကိန်းဦးစီးမှူး၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး၊ မြို့နယ်မွေးကူ ဦးစီးဌာနမှူးတို့ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ စစ်တွေမြို့နယ်ရုံးမှ လက်ထောက် ဦးစီးမှူးများနှင့် မြေတိုင်းစာရေးသင်တန်းသား ၁၇ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ရေဒီယိုများလှူဒါန်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီက ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စိုးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ငွေကျပ် ၂၄၀၀၀၀ တန်ဖိုးရှိ စာအုပ် စာစောင်များကိုလည်းကောင်း၊ အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းမှ ငွေကျပ် ၂၁၀၀၀၀တန်ဖိုးရှိ စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက လည်းကောင်း၊ ထွန်းဦးစာပေက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးရာစိုးက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကိုလည်းကောင်း၊ ရာပြည့်မန္တလေးစာပေက ငွေကျပ် ၁၁၄၇၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကိုလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်း(ပညာရေး)က ငွေကျပ် ၆၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း၊ ဆရာ မောင်မောင်ညိုလှ၊ ဆရာမောင်ရန်အေး(ပုသိမ်ကြီး)နှင့် ဆရာမ ဒေါ်ခင်လေးငယ်တို့က ငွေကျပ် ၆၀၀၀၀ တန်ဖိုးရှိ ဂျာနယ်အစုံကိုလည်းကောင်း၊ အလှူရှင်များက ရေဒီယို ၁၆ လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

နေထိုင်မှုဆိုင်ရာပြပွဲ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

Jade Crown Organizing Group က ကြီးမှူး၍ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Jade Crown Organizing Group မန်နေဂျင်းဒါရိုက်တာ ဦးပိုင်စိုးရကျော်က ပြပွဲကျင်းပရခြင်းကိုလည်းကောင်း၊ Main Sponsor ဖြစ်သည့် Shine Construction မှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမင်းနိုင်က ပြပွဲအကြောင်းကိုလည်းကောင်း၊ Unique Model Agency မန်နေဂျင်းဒါရိုက်တာ ဦးသော်မျိုးနောင်က ဖျော်ဖြေရေးအစီအစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါပြပွဲတွင် SHINE Construction ILBC, YIS, KMD, HORIZON INTERNATIONAL, TOTAL, NELC, SR Education, Nexus English Language Centre, ပညာရွှေအိုး၊ STI Education, Global Enchanting Education, Ever Clever Education, MST Computer Center, MPEC, Global Net, Strategy First, OESC, Study Abroad, GETC, ရွှေလမ်းသစ် Education, Sky Ward Education, SUIC University (Thailand), ACA ပညာ့ရိပ်ငြိမ်ဘော်ဒါ၊ DSP ဘော်ဒါ၊ ဒေါ်ယုယုမြင့် LCCI သင်တန်း၊ APT Education , Techno Point Engineering Training Centre, Green Light Pre-School, Smart Electronic Dictionary, Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်ထုတ် အိမ်ဆောက်ပစ္စည်းများနှင့် Steel Door များ၊ Home Distribution Group, Asterism မှ အိမ်ခေါင်မိုးပြားများ၊ Hitachi Electronic ပစ္စည်းများ၊ Ever Seiko, AC Makeup, EMP (Haicneal ခေါင်းလျှော်ရည်)တို့မှ အလှကုန်ပစ္စည်းများ၊ Columbus Health Care Service, Semitivej ဆေးရုံ (Bangkok),Pararam-9 ဆေးရုံ (Bangkok), Keen Cie Health Care Service, Apollo Hospital Group, Raffles Hospital (Singapore), SML (Medical & Diagnostic Centre), Right Lab (Laboratory) United Pharma, Model Pharma, Ranbaxy, Dr. Reddy, Fair Deal , Zaburit ကုမ္ပဏီတို့မှ နိုင်ငံခြားဆေးများ Central Bio Equipment မှ ဆေးရုံသုံးကိရိယာများ၊ Thirst Aid Myanmar, မုန့်ချို၊ တောင်ကြီးမောက်မယ်၊ လွင်မြင့်အောင်၊ ရွှေမြန်မာ၊ သဘာဝသုခတို့မှ တိုင်းရင်းဆေးများ၊ Latest Fashion Shop, Book for You စာအုပ်ဆိုင်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။

Education, Living & Health Care Exhibition ပြပွဲတွင် ပါဝင်ပြသလိုသူများသည် အမှတ် ၂၀၄ ပထမထပ် (၃၉)လမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ဖုန်း -၀၁-၇၃၀၉ ၈၅၉၃၊ ၀၁-၇၃၁၃၈၅ ၉၃၊ ၀၁-၇၃၁၄ ၈၅၉၃ နှင့် ၀၉-၈၆၃၀၄၄၀ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု လမ်းသစ်များဖွင့်

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၂)ရပ်ကွက် လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိ မြို့သစ်ကျောင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ မလှိုင်မြို့နယ် ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် မြို့မိမြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တာပွန်လမ်း ထပ်ပိုးလွှာကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့ လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်မြို့နယ် အမှတ်(၃) ရပ်ကွက်၌ အရှည် ပေ ၄၆၀၊ အကျယ် ၁၂ ပေရှိ ဇက်ဆိပ်ကျောက်တန်းလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့်နှင့် အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ်၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၁ ပေရှိ နှပ်တန်း (တိုးချဲ့ကွက်သစ်) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် လမိုင်းမြို့စည်ပင်သာယာရေးအဖွဲ့က မြို့မ(၂) ရပ်ကွက်၌ အရှည် ပေ ၁၂၃၀၊ အကျယ် ၁၆ ပေရှိ မြင်းအာဇာနည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးသိန်းသန်းစိုးတို့ ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

11-2 (03).pmd 1 2/11/2011, 1:36 AM

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမင်းအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီ အက်ဘာဆာလီဟီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှု ၂၇၀ တရားခံ ၃၉၈ ဦး ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၀ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၂ မှု (အလေးချိန် ၁၄၂ ဒသမ ၂၄၁၇ ကီလို)၊ ဘိန်းဖြူ ၉၃ မှု (အလေးချိန် ၁၇ ဒသမ ၉၉၂၆ ကီလို)၊ ဘိန်းဆီ ၁၃ မှု (အလေးချိန် ၁ ဒသမ ၅၂၈၇ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၈ မှု (အလေးချိန် ၁၅ ဒသမ ၇၈၄၄ ကီလို)၊ ဆေးခြောက် ၁၇ မှု(အလေးချိန် ၉ ဒသမ ၈၆၃၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု (၁၁၂၉၈၉ ပြား)၊ ဘိန်းစာမှုန့် ၆ မှု (အလေးချိန် ဝ ဒသမ ၈ဝ၈ ကီလို)၊ ဘိန်းရည် ၁ မှု (အလေးချိန် ၄ ဒသမ ၁၇၇ လစ်တာ)၊ ဇိုလမ် ၁မှု (၂၇၀၀၀ ပြား)၊ အိုက်(စ်)၁မှု၊ (အလေးချိန် ဝ ဒသမ ၉ ကီလို)၊ ကတ်တမင်း (အလေးချိန် ၁ ဒသမ ၄ လစ်တာ)၊ ကဖင်း (အလေးချိန် ၃၈ ကီလို) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၂၇၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၂၂ ဦး၊ မ ၇၆ ဦး စုစုပေါင်း တရားခံ ၃၉၈ ဦးအား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သတ္တမအကြိမ်မြောက် PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် သင်တန်းတာဝန်ခံ ဦးသိန်းတန်က သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြန်မာ့သင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတွဲဖက်ဘဏ္ဍာရေးမှူး ကပ္ပတိန်ဆန်းဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းဆရာများကိုယ်စား ကပ္ပတိန်ကျော်ဆန်းလင်းက အမှာစကားပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

(ရေကြောင်းပို့ဆောင်ရေး)

ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟနပူဇာသဘင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဘဝနတ်ထံ ပျံလွန်တော်မူသော နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟနပူဇာသဘင်ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရွတ်ဆိုပွားများ

ရှေးဦးစွာ သရီရဓာတ်ပြာတော်အရိုးများ ပင့်ဆောင်ခြင်း အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် ပဲခူးမြို့ ရွှေအောင်ရွှေး ဘုရားကုန်းမြေရှိ လောင်တိုက်တော်၌ ကျင်းပရာ ''သဗ္ဗေသင်္ခါရာအနိစ္စာတိ'' အစချီသော သံဝေဂသုံးဂါထာ ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်က ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ပူဇော်

ယင်းနောက် သရီရဓာတ်ပြာတော် ရတနာရွှေအိုး၊ ငွေအိုးများကို ကရဝိက်ယာဉ်ပေါ်သို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ကြခတ်ဝိုင်းစာသင်တိုက် ဒုတိယနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျမ္မာဘိဝံသနှင့် ဝင်းနိမ္မိတာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး၏ တပည့်သံဃာတော်များက ပင့်ဆောင်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား လောင်တိုက်တော်မှ ဝေါမြို့နယ်ရှိ စစ်တောင်းတံတား (မုပွလင်) အနီး ဆိပ်ကမ်းရှိ မဏ္ဍပ်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် ဓာတုပဝါဟနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ခွင့်ပြုပါရန် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်က ''အဘိယာစန နိမန္တန'' ဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ပင့်ဆောင်

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကြခတ်ဝိုင်းစာသင်တိုက် ဒုတိယနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျမ္မာဘိဝံသက သရီရဓာတ်ပြာ ရတနာရွှေယွန်းအုပ်တော်ကိုပင့်ဆောင်ပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက သရီရဓာတ်ပြာရွှေအိုး၊ ငွေအိုးများကို အသင့်ဆိုက်ကပ်ထားသော နတ်ပန်းရထားရေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား ပင့်ဆောင်လာသော နတ်ပန်းရထားရေယာဉ်သည် ရေယာဉ်တန်းများ ခြံရံလျက် စစ်တောင်းမြစ်အတွင်း သတ်မှတ်နေရာအရောက်၌ ဆရာတော် သံဃာတော်များဦးဆောင်ကာ ဝတ်အသင်းအဖွဲ့များက ''အနိစ္စာဝတသင်္ခါရာ'' အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆို၍သံဝေဂညဏ်ပွားများတော်မူကြပြီး ဆရာတော် သံဃာတော်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား စစ်တောင်းမြစ်အတွင်း ရေမျှောပူဇော်ကြကာ သရီရဓာတုပဝါဟနပူဇာသဘင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် တရုတ်ကျောင်းလမ်းအား ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်း၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်ရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

ဂျပန်၌ ကရိန်းတင်ယာဉ်နှင့် ဘတ်စ်ကားတိုက်မိ

အိုဆာကာ ဖေဖော်ဝါရီ ၁၀

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကရိန်းတင်ကားတစ်စီးနှင့် ဘတ်စ်ကားတို့ ဖေဖော်ဝါရီ ၁၀ရက်က တိုက်မှုဖြစ်ပွားခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၁ ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။

တင်ပို့

ကျောင်းဘတ်စ်ကားသည် ကရိန်းတင်ထရပ်ကားနှင့်ဝင်တိုက်ပြီးနောက် အနီးရှိ အစိုးရရုံးအဆောက်အအုံ တစ်ခုကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးထားကာ ဆေးကုသခံယူလျက်ရှိသည်။**(အောက်ပုံ)**

ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရုံးအဆောက်အအုံမှာ ဆက်သွယ်ရေးအဆောက်အအုံဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အိုင်ယာလန်၌ လေယာဉ်ပြေးလမ်းချော် ပေါက်ကွဲ ခြောက်ဦးသေဆုံး၊ လေးဦး ဒဏ်ရာပြင်းထန်

ကော့ခ် ဖေဖော်ဝါရီ ၁၀

အိုင်ယာလန်နိုင်ငံ မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က ဘဲလ်ဖတ်မြို့မှ ပျံသန်းလာသော လေယာဉ်ငယ်တစ်စင်း ကော့ခ်မြို့လေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းချော်ပြီး မီးလောင် ပေါက်ကွဲသွားသဖြင့် ခြောက်ဦးသေဆုံးကာ အခြား ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

မန်းအိတ်စ်တူးအမည်ရှိ အဆိုပါလေယာဉ်ငယ်တွင် ခရီးသည် ၁၀ ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦး လိုက်ပါခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ဒဏ်ရာရသူခြောက်ဦးကို ကော့ခ်တက္ကသိုလ်ဆေးရုံသို့ တင်ပို့ခဲ့ရပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အိုင်ယာလန်လေဆိပ် တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ အသေခံဗုံးခွဲ အနည်းဆုံး ၃၁ ဦး သေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ မာဒန်မြို့အနောက်မြောက်ပိုင်းရှိ စစ်သားစုဆောင်းရေးတပ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး သင်တန်းသား ၃၁ ဦး သေဆုံးသွားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုမှာ လူငယ်ယောကျ်ားလေးတစ်ဦး ဖြစ်ပြီး ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ယင်းစစ်သားစုဆောင်းရေးတပ်၌ သင်တန်းသားများ လေ့ကျင့်နေစဉ် အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

● *ကျောဖုံးမှ*

ကမ္ဘာ့နိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက်နေထိုင်ကျက်စားမှုများကို တွေ့မြင်

ရွှေသမင်၊ ဒရယ်၊ သမင်နှင့် ဒေါင်းတိရစ္ဆာန်ခြောက်မျိုး ပြသထားပြီးကောင်ရေအားဖြင့် ၁၃၃ ကောင်ရှိကြောင်း သိရသည်။ သြစတြေးလျပြကွက်၌ သားပိုက်ကောင် နှစ်မျိုး

ဥယျာဉ်၏ တိရစ္ဆာန်များ နေထိုင်ကျက်စားရာ ဝန်းကျင် အခြေအနေနှင့် သစ်ပင်များ ထိန်းသိမ်းပြုစုခြင်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်း

အာဖရိကဆာဖာရီပြကွက်၌ မြင်းကျားများကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။

ကဲ့သို့ ဖန်တီးပြုလုပ်ပေးရတာ ရှိပါတယ်။

ဥယျာဉ်ထဲကို လာရောက်လေ့လာတဲ့ ပြည်သူတွေအနေနဲ့လည်း တိရစ္ဆာန်မျိုးစုံတို့ရဲ့ ဘာသာဘာဝနေထိုင်ကျက်စားမှုကို တွေ့မြင်ရမှာပါ။ တချို့ ရှားပါးတိရစ္ဆာန်တွေကို ပြည်ပကဝယ်ယူရပါတယ်။ ခြင်္သေ့နဲ့ ကျားပြကွက်တွေကို ကြည့်ရှုရာမှာ လုံခြုံရေးအစီအမံများကို စနစ်တကျ ပြုလုပ်ထားတာမို့ စိုးရိမ်စရာ မရှိပါဘူး။ ဗဟုသုတလည်းရ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်အဖြစ်လည်း တွေ့မြင်ခံစားရမှာပါ''ဟု ပြောကြားသည်။

ဆာဖာရီဥယျာဉ်ကို အချိန်တိုအတွင်းမှာ ပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ပြီး ပြည်သူများ အပန်းနိုင်ရန် စီစဉ်နေကြောင်း သိရသည်။ အနီးဝန်းကျင်၌ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ ငါးပြတိုက်နှင့် နက္ခတ်တာရာပြခန်း (နေပြည်တော်) တို့ ဆက်စပ်တည် ရှိနေမှုကြောင့် ပြည်သူများ အပန်းဖြေလေ့လာစရာ ဇုန်တစ်ခုကဲ့သို့ ဖြစ်နေသည်။

သတ်မှတ်ထား

ဆာဖာရီဥယျာဉ်ကို ဝင်ရောက်လေ့လာရာတွင် လူကြီး ငွေကျပ် ၁၀၀၀ နှင့် ကလေး ငွေကျပ် ၅၀၀ သတ်မှတ်ပြီး လည်ပတ်ကြည့်ရှုနိုင်ရန်အတွက် အမှတ် (၂)စက်မှုဝန်ကြီးဌာနထုတ် မော်တော်ယာဉ်များ စီစဉ်ထားကြောင်း၊ ယာဉ်စီးခမှာ လူတစ်ဦး ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း၊

သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက် ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ဆာဖာရီဥယျာဉ်နှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားစဉ်။

အာဖရိကဆာဖာရီပြကွက်၌ သစ်ကုလားအုတ်နှင့် ဘို့တစ်လုံး ကုလားအုတ်တို့ကိုလည်း ဤသို့ ယှဉ်တွဲတွေ့နိုင်သည်။

ဗဟုသုတရစေရန်၊ ကမ္ဘာနှင့် မြန်မာနိုင်ငံမှာ ရှားပါးပြီး မျိုးသုဉ်းလုနီးပါးဖြစ်နေတဲ့ တိရစ္ဆာန်အချို့ကို မျိုးဆက် ပြန့်ပွားနိုင်ရန် ထိန်းသိမ်းမွေးမြူခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောကို ပြည်သူများ နားလည်သဘောပေါက်စေရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။''

''ဥယျာဉ်ကို ၁၄-၉-၂၀၁၀ ရက်က စတင်ပုံဖော်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၂၁ရက်မှာ ပြီးစီးခဲ့ပါတယ်''ဟု ပြောကြားသည်။

ဆာဖာရီဥယျာဉ်တွင် အာရှပြကွက်၌ နွားနောက်၊ ဆတ်၊ ဖြစ်သည့် Kangaroo နှင့် Wallaby ကို ကောင်ရေအားဖြင့် ၁၆ ကောင် ပြသထားမည် ဖြစ်သည်။

တွေ့မြင်ရ

အာဖရိကပြကွက်တွင် ခြင်္သေ့၊ ကျား၊ ကုလားအုတ်၊ ဆိတ်သမင်၊ ကြံ့ဖြူ၊ ငှက်ကုလားအုတ်၊ သစ်ကုလားအုတ်နှင့် မြင်းကျားများကို တွေ့မြင်ရမည်ဖြစ်သည်။ ကောင်ရေအားဖြင့် ၅၇ ကောင်ရှိကြောင်း သိရသည်။

ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်အား မြန်မာ့အလင်းက ဆက်လက်မေးမြန်းရာတွင် -

''သဘာဝ ပတ်ဝန်းကျင်ကို အမှီပြုနေထိုင်တဲ့ သားငှက်တွေကို ထိန်းသိမ်းရာမှာ သစ်ပင်သစ်တောများ ရှင်သန်တည်ရှိမှုကလည်း အရေးကြီးပါတယ်။ ဒီဥယျာဉ်မှာဆိုရင် အပင်ပေါင်း နှစ်သောင်းကျော် စိုက်ပျိုးပြုစုထားပါတယ်။ ဒါ့မှလည်း အမှီပြုနေထိုင်တဲ့ တိရစ္ဆာန်တွေအတွက် အဆင်ပြေမှာပါ။ နောက်ပြီး ဆိတ်သမင်တွေ နေထိုင်ရာဝန်းကျင်ကိုလည်း သဘာဝကျောက်တောင်

ဥယျာဉ်အတွင်းရှိ ရှုမျှော်ခင်းကြည့်မျှော်စင်နှင့် ပတ်ဝန်းကျင်ရှုခင်းကို ဤသို့ လှပစွာ တွေ့ရသည်။



ဖြေ ဗဟုသုတ ရရှိနိုင်ရန် ဖွင့်လှစ်တော့မည်ဖြစ်သည်။ နောင်တွင် ဖျံပြကွက်ကိုလည်း ပြည်သူများ ကြည့်ရှု

မိသားစုလိုက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ စီးလုံးငှားရမ်းနိုင်ကြောင်း သိရသည်။ ဥယျာဉ်ကို တနင်္လာနေ့၌

ပိတ်ရက်အနေဖြင့် သတ်မှတ်ထားသည်။ ဥယျာဉ်ကို အမြတ်ငွေရရန် ရည်ရွယ်ဖွင့်လှစ်ခြင်း မဟုတ်ဘဲ ပြည်သူများအနေဖြင့် နိုင်ငံတကာရှိ ဆာဖာရီ ဥယျာဉ်များကဲ့သို့ သားငှက်တိရစ္ဆာန်တို့၏ သဘာဝဝန်းကျင်အတိုင်း နေထိုင်လှုပ်ရှားမှုများကို လေ့လာနိုင်ရန် နိုင်ငံတော်က ငွေကုန်ကြေးကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာသင့်

ထို့ကြောင့် ပြည်သူများအနေဖြင့် စိတ်အပန်းဖြေစရာ၊ ဗဟုသုတရာဖွေရာ၊ ရင်ခုန်ပျော်ရွှင်ဖွယ်ရာကောင်းသည့် ဆာဖာရီဥယျာဉ် (နေပြည်တော်)သို့ သွားရောက်လေ့လာသင့်ပါကြောင်း ဖိတ်ခေါ်စကားပြောကြားလိုက်ပါရစေ…။ ။

(မြန်မာ့အလင်း)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး တောင်ငူမြို့နယ်၌ သင်တန်းဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၁၀

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့် ဆွေးနွေးပွဲသင်တန်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ မြို့နယ် မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးမြတ်သုဝေက လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ မြို့နယ်အဆင့် ဆွေးနွေးပွဲသင်တန်းဖွင့်ပွဲသို့ တောင်ငူခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမြတ်သုဝေ၊ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှိုင်မင်းနှင့် သင်တန်းသား ၂၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ဧရာဝတီတိုင်း ဒေသကြီး စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဇန်နဝါရီ ၁၃ ရက်က ဖျာပုံမြို့မဈေးအတွင်း သမာဓိချိန်ခွင်ဖြင့် အလေးချိန်ခွင် မှန်ကန်ရေးဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(၁၃၇)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားဝင်းရှိ မဟာသန္တိသုခ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အုတ်ဖိုမြို့နယ်မှ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ကန်တော့ခံဘိုးဘွားများစာရင်းနှင့် ပါရဂူဘွဲ့ရသူစာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သားသမီးများစာရင်းကို အထောက်အထား အပြည့်အစုံဖြင့် ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဒေါ်မြမြ ဖုန်း-၆၄၄၇၄၀၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၄၃၂၇၂၊ ဦးသက်ဆွေ ဖုန်း-၂၂၉၇၉၈၊ ဦးမြတ်ဦး ဖုန်း-၀၉-၅၁၈၇၀၆၆၊ ဦးအေးဝင်း ဖုန်း-၀၁-၇၃၀-၅၉၇၆၄တို့ထံသို့ စာရင်းပေးပို့ကြရန်နှင့် အသင်းဝင်သူဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ အုတ်ဖိုအိုးသည်ကုန်း မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ရခိုင်ပြည်နယ်တစ်ခွင်

နိုင်ငံတော်အစိုးရက လေဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပေးခြင်းများကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိရာ ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများ ပြည်ထောင်စုတစ်ဝန်းသို့ အချိန်တိုအတွင်း လေယာဉ်ကြီးများဖြင့် ဝေဟင်ခရီးနှင်နိုင်ကြပြီ ဖြစ်သည်။

◆ *ရှေ့ဖုံးမှ*

ရခိုင်ပြည်နယ်အတွင်း ရိုးမတောင်တန်းသည် အမြင့်ပေ ၃၀၀၀ ရှိကာ မြောက်ပိုင်းတွင်မြင့်ပြီး တောင်ပိုင်းသို့ နိမ့်ဆင်းသွားသည်။ နတ်မြစ်၊ မေယုမြစ်၊ ကစ္ဆပနဒီမြစ်စသည်တို့နှင့် မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီနှင့် ဂွချောင်းတို့သည် မြောက်မှတောင်သို့ စီးဆင်းနေသည်။ စစ်တွေလွင်ပြင်သည် အကျယ်ပြန့်ဆုံးဖြစ်ပြီး ဖရုံကာ၊ ရမ်းဗြဲ၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များစွာရှိသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်

ရေမြေသဘာဝအခြေအနေကောင်းများစွာရှိသော ရခိုင်ပြည်နယ်သည် အတိတ်တစ်ချိန်က တစ်နေရာနှင့် တစ်နေရာဆက်သွယ်သွားလာရေးခက်ခဲပြီး ရေလမ်းကြောင်းကိုသာ အဓိကအားထားခဲ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နယ်မြေဒေသမရွေး တိုးတက်မှုရှိစေရန်၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုနည်းနိုင်သမျှနည်းစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို ခက်ခက်ခဲခဲ ဖော်ဆောင်ပေးလျက်ရှိသည်။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး စသည်ဖြင့် ဘက်စုံဖွံ့ဖြိုး တိုးတက်လာသည်။

စာမျက်နှာ ၇ သို့

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၁၁၉၇၃၅၅	၁၃၀၄၈၀၇	၁၀၇၄၅၂
၂	ဆည်တမံ(အကြီး/အသေး)	ခု	-	၁၄	၁၄
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၁၄	၁၄
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၈၁၈	၁၈၁၈
၅	ရထားသံလမ်း	မိုင်	-	၃၄	၃၄
၆	ပေ(၁၈၀)အထက်တံတား	စင်း	၂၉	၆၉	၄၀
၇	ကားလမ်း	မိုင်	၁၁၅၆	၁၉၉၅	၈၃၉
၈	လေယာဉ်ကွင်း	ကွင်း	၃	၄	၁
၉	စာတိုက်စခန်း	ခု	၄၈	၈၂	၃၄
၁၀	ကြေးနန်းရုံး	ရုံး	၁၈	၂၇	၉
၁၁	တယ်လီဖုန်းရုံး	ရုံး	၁၆	၃၇	၂၁
၁၂	မိုက်ကရိုဝေ့ဖ်စခန်း	ခု	၅	၁၈	၁၃
၁၃	ရေအားလျှပ်စစ်စက်ရုံ	ရုံ	-	၃	၃
၁၄	ပုဂ္ဂလိကစက်ရုံ	ရုံ	၁၂၆	၂၀၇၈	၁၉၅၂
၁၅	အခြေခံပညာကျောင်း	ကျောင်း	၂၃၉၁	၂၇၁၂	၃၂၁
၁၆	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၂	၁
၁၇	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၈	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၉	ဆေးရုံ	ရုံ	၂၇	၄၇	၂၀

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း တည်ဆောက်ပေးထားသည့် မအီ-ကျောက်ဖြူ လမ်းပိုင်းရှိ မင်းကြောင်းချောင်းတံတားကြီး၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	သရီချောင်းရေလှောင်တမံစီမံကိန်း	ကျောက်တော်မြို့နယ်	အကျိုးပြုစိုက်ပျိုးဧက ဧက (၃၀၀၀)
၂	ပေ(၁၈၀)နှင့်အထက် သယုပဲပဒုံကြီးတံတား	အမ်းမြို့နယ်	
၃	စစ်တွေ-အမ်း-မင်းဘူး လမ်းပိုင်းမှ	ရခိုင်ပြည်နယ်	(၃၄.၁၈) မိုင်
၄	ဘူတာ	စစ်တွေ-ပုဏ္ဏားကျွန်း	(၇) ဘူတာ
၅	GSM	စစ်တွေ	၆၇၈
၆	CDMA	ကျောက်တော်၊ ကျောက်ဖြူ၊ မြောက်ဦး၊ တောင်ကုတ်၊ အမ်း၊ မာန်အောင်၊ မြေပုံ၊ သံတွဲ၊ ဂွ၊ မောင်တော၊ စစ်တွေ	၇၄၄၅
၇	အမ်းချောင်းရေအားလျှပ်စစ်	အမ်းမြို့နယ်	၁၀ မဂ္ဂါဝပ်
၈	သူငွေးချောင်းရေအားလျှပ်စစ်	သံတွဲမြို့နယ်	၁၁၁ မဂ္ဂါဝပ်
၉	စိုင်ဒင်ရေအားလျှပ်စစ်	ဘူးသီးတောင်မြို့နယ်	၇၆ မဂ္ဂါဝပ်
၁၀	လေးမြို့ချောင်းရေအားလျှပ်စစ်	မြောက်ဦးမြို့နယ်	-

ရခိုင်ပြည်နယ် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ခုတ်မောင်းနေသော ရထားတစ်စင်းကို တွေ့ရစဉ်။

စာမျက်နှာ ၆ မှ

မိသားစုစိတ်ဓာတ်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အတူတကွပူးပေါင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်းကို ဖြစ်နိုင်သမျှ တစ်ပြေးညီ ကျယ်ပြန့်မြင့်မားအောင် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဖြည့်ဆည်းဖော်ဆောင်ပေးခြင်းဖြစ်သည်။

ထူးခြားစွာတွေ့မြင်ရ

ပြည်နယ်၊ ပြည်မ တစ်တန်းတည်းထားပြီး လမ်း၊ တံတားလိုသောနေရာတွင် လမ်း၊ တံတား၊ ဆည်တမံလိုသောနေရာတွင် ဆည်တမံ၊ ဆေးရုံဆေးပေးခန်းလိုသောနေရာတွင် ဆေးရုံ ဆေးပေးခန်း၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများစသည်ဖြင့် ခေတ်အဆက်ဆက်က ကွက်လပ်များစွာကို ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် ညီနောင်ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ဆက်စပ်ယှဉ်တွဲလျက် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာသည့် ရခိုင်ပြည်နယ်ကို ယခင်နှင့်မတူ တစ်မူထူးခြားစွာ တွေ့မြင်ရမည် ဖြစ်သည်။ ။

ကျောက်ဖြူ ပညာရေးကောလိပ်

ရခိုင်ပြည်နယ်သည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အားနည်းခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ အနေဖြင့် အဆင့်မြင့်ပညာရပ်များ သင်ယူတတ်မြောက်မှု အခွင့်အလမ်း နည်းပါးခဲ့ရာ နိုင်ငံတော်အစိုးရက မွန်မြတ်သည့် စေတနာဖြင့် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခဲ့မှုကြောင့် နိုင်ငံတော်နှင့် ပြည်နယ်ဖွံ့ဖြိုးရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်မည့် ပညာတတ် လူငယ်များကိုကျောက်ဖြူ ပညာရေးကောလိပ်မှ ပြုစုပျိုးထောင်မွေးထုတ်ပေးလျက် ရှိနေပြီဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အာရုံခြောက်ပါး** တရားတော် (ဆရာတော် အရှင်ဇဝန) (မေတ္တာရှင်)
၆:၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၈)
၈:၄၀ အဓိဋ္ဌာန်ဒုလ္လဘရဟန်း (၅၀၀)ပါး ဥပသမ္ပဒ ကံဆောင်ပွဲ (အောင်ဆန်းတောရတပ်ဦး ကျောင်းတိုက်)
၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ အိုဗာအချစ်ရိုက်ကွင်းအမှတ်တရ
၉:၂၀ ကယ်တင်ကြစို့ တို့ကမ္ဘာ
၉:၃၀ Movies Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၄)
၁၀:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂)
၁၀:၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၂၀ Miss 78 2011 ရွေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော်
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀ Activities in the City (မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်းဂုဏ်ပြု ချီးမြှင့်ပွဲနှင့် စာနယ်ဇင်းတွေ့ဆုံပွဲ အခမ်းအနား)
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Fancy House ဆိုင်သစ်ဖွင့်ပွဲ)
၁၂:၄၀ ကိုရာသီတပို့တွဲ ထမနဲထိုးတဲ့လရာသီ
၁:၀၀ **အာရုံခြောက်ပါး** တရားတော် (ဆရာတော် အရှင်ဇဝန) (မေတ္တာရှင်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Style ရှိမှ Star ဖြစ်မယ်
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၁)
၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၈)
၄:၅၀ လောကကိုအလှဆင်… ပန်းတို့၏သခင်
၅:၁၀ ကြည်နူးပြုံးပျော်စေမှာ… OK Myanmar
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Emperor Love Concert ကြိုတင်ပြင်ဆင်နေမှုများ
၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၂)
၇:၂၅ Science For All (ကမ္ဘာမြေကိုကယ်တင်စို့) (အပိုင်း-၁) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၇:၄၅ သွေးချင်းတို့၏စုပေါင်းအားနှင့် နိုင်ငံတော်၏အနာဂတ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ Emperor Love Concert ကြိုတင်ပြင်ဆင်နေမှုများ
၈:၄၅ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၆)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၉)
၁၀:၁၀ VJ Choice
၁၀:၃၅ သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁၁:၀၅ World of Knowledge (Moving Ancient Egypt)
၁၁:၅၅ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
၁၂:၁၀ Box Office Movies (300)
၁၂:၄၅ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂:၅၅ နယည်ဆန်းထွင်ပန်းအလှဆင် (Diamond ပုံ ပန်းအိုးထိုးနည်း)
၁:၃၀ တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၁:၄၀ **လွမ်းတင်သည့်ကြိုး** ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ- Nova)
၁:၅၅ ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
၂:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ဆည်းဆာ)
၂:၂၅ အပန်းဖြေစရာမျက်လှည့်ကမ္ဘာ
၂:၃၅ RO ဆိုတဲ့ KTM
၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
၄:၃၀ အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
၄:၅၀ မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြ

ပြည်ထောင်စုကြီး ဖြိုခွဲမည့်အကြံ ဒို့လက်မခံ

ကျော်ရဲမင်း



အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အောင်မြင်မှုတွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေ၊ အလားအလာကောင်းတွေ အပြိုင်းအရိုင်း သီးပွင့်ဝေဆာပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တက်ကြွပျော်ရွှင် အားသစ်တွေဆင်နေကြတဲ့ အခုလိုအခါသမယမှာ အနှစ်သာရပြည့်ဝပြီး မင်္ဂလာအပေါင်းခညောင်းပြည့်စုံတဲ့ ပြည်ထောင်စုနေ့ကို ရောက်လာခဲ့ပြန်ပါပြီ။ မြန်မာနိုင်ငံ မြန်မာလူမျိုးရယ်လို့ ကမ္ဘာတည်သရွေ့ တည်တံ့ရှင်သန်နေနိုင်ရေးအတွက် ဒီရေ ဒီမြေပေါ်မှာ သမိုင်းအစဉ်အဆက် ဥမကွဲသိုက်မပျက် တစ်လှေတည်းစီး တစ်ခရီးတည်းသွားခဲ့ကြတဲ့ တိုင်းရင်းသားညီနောင်များအားလုံးရဲ့ စည်းလုံးညီညွတ်မှုဟာ ဘယ်အရာနဲ့မှ အစားထိုးလို့မရနိုင်တဲ့ စွမ်းအားစုကြီး အစစ်အမှန်ပါပဲ။ ဒါကြောင့် ပြည်ထောင်စုနေ့ဆိုတာဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ မြန်မာတိုင်းရင်းသားများအားလုံးအတွက် အစဉ်ထာဝရ အထွတ်အမြတ်ဖြစ်နေမှာဖြစ်သလို လေးနက်တဲ့အနှစ်သာရတွေနဲ့ အမြဲတမ်းပြည့်ဝနေမယ်ဆိုတာလည်း ယုံမှားသံသယဖြစ်ဖွယ် မရှိပါဘူး။

ပြည်ထောင်စုနေ့နဲ့ပတ်သက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ပင်လုံညီလာခံဟာ အထင်ကရဖြစ်ပါတယ်။ အဲဒီတုန်းက နိုင်ငံ့လွတ်လပ်ရေးအတွက်၊ နိုင်ငံလွတ်လပ်တဲ့အခါမှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး မခွဲခြားမချန် အတူတကွပါဝင်နိုင်ရေးအတွက် ပင်လုံညီလာခံဆိုတာကို ကျင်းပပြီး လွတ်လပ်ရေးအတွက် ညီညွတ်မှုအင်အားကို တစ်ခဲနက် ပြသနိုင်ခဲ့ကြပါတယ်။ ရည်ရွယ်ချက်ကမြင့်မားပြီး အတွေးအခေါ်ပိုင်းက မှန်ကန်ပါတယ်။ လုပ်ရပ်ပိုင်းကလည်း အထူးပဲလျော်ကန်သင့်မြတ်လှပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရရှိချိန်မှာ ဘယ်တိုင်းရင်းသားလူမျိုးစုတွေမှ လက်တွဲပြုတ်ပဲ့ထွက်ကျန်ရစ်ခဲ့ခြင်းမရှိဘဲ တိုင်းရင်းသားညီနောင်အားလုံး အတူတကွ လွတ်လပ်ရေးရယူနိုင်ခဲ့ကြပါတယ်။ ဒါဟာ ပင်လုံရဲ့အနှစ်သာရ၊ ပင်လုံရဲ့အောင်မြင်မှု၊ ပင်လုံရဲ့မော်ကွန်းမှတ်တိုင်ဖြစ်ပါတယ်။

သို့သော် လွတ်လပ်ရေးရလုဆဲဆဲကာလနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများမှာ ဘာသာရေး၊ လူမျိုးရေး၊ အာဏာရေး အစွဲအလမ်းတွေကြောင့် ပင်လုံစိတ်ဓာတ်ပျက်ပြားပြီး ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုတွေ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူတွေ အလျှိုအလျှိုပေါ်ပေါက်လာခဲ့တာ အားလုံးအသိပါပဲ။ ဒါ့အပြင် မြေပေါ်တိုင်းရင်းသားခေါင်းဆောင်များအတွင်းမှာပါ သီးခြားပြည်နယ်ခွဲထွက်ခွင့်တောင်းဆိုမှုတွေ၊ ဖက်ဒရယ်တောင်းဆိုမှုတွေ၊ ရှစ်ပြည်နယ်သဘောထားတွေ တဖြည်းဖြည်းတိုးပွားလာခဲ့ပြီး နောက်ဆုံးမှာ ပြည်ထောင်စုကြီးပြိုကွဲဖို့ လက်တစ်ကမ်းအလိုအထိ အန္တရာယ်နဲ့ရင်ဆိုင်လာခဲ့ရတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း သမိုင်းမှာ တော်လှန်ရေးကောင်စီဆိုတာ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်က နိုင်ငံကို တာဝန်ယူခဲ့ရတဲ့ အခြေဆိုက်ခဲ့ရတာပါ။ ပြောရရင် ပင်လုံညီလာခံ၊ ပင်လုံစိတ်ဓာတ်ကို တကယ်စွဲမြဲကျင့်သုံးဆောင်ရွက်ကြမယ်ဆိုရင် တပ်မတော်ဟာ နိုင်ငံရေးနယ်ပယ်ကို မလွဲမရှောင်သာ ဝင်ရောက်လာရတဲ့ ဒီလိုအခြေအနေမျိုးရှိလာခဲ့မှာကို မဟုတ်ပါဘူး။

တကယ်တော့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားအရေးဟာ အလွန်ကျယ်ပြန့်ပြီး သိပ်ကိုသိမ်မွေ့နက်နဲလွန်းလှပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရဲ့ ဆန္ဒတွေ၊ ဘဝတွေကို ကိုယ်စားပြုထားရတဲ့ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအနေနဲ့ တိုင်းရင်းသားအရေးကို နိုင်နိုင်နင်းနင်း ထိန်းကျောင်းကိုင်တွယ် ဆောင်ရွက်နိုင်စွမ်းမရှိဘူးဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတဲ့နေ့ဟာ တိုင်းပြည်ပျက်သုဉ်းတဲ့နေ့ဖြစ်လာမှာ အမှန်ပါပဲ။ ဒါနဲ့ပတ်သက်ပြီး သမိုင်းသင်ခန်းစာတွေလည်း အများကြီးရှိခဲ့ပါပြီ။

သမိုင်းကို ပြန်ပြောကြရင်တော့ ပြောစရာတွေအများကြီးရှိကြမှာပါ။ ဒီတော့ ဒါတွေကို နောက်ကြောင်းပြန်ခြေရာမကောက်လိုတော့ပါဘူး။ အချုပ်ပြောရရင် တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်းမှာရော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပါ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ ရှိသင့်သလောက် ရှိခဲ့ပါတယ်။ အောင်မြင်မှုအချို့လည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် အောင်မြင်တဲ့အတိုင်းအတာမျိုး မဟုတ်ခဲ့တာအမှန်ပါပဲ။ ပြည်တွင်းသောင်းကျန်းမှု သက်ဆိုးရှည်ခဲ့ပြီး တိုင်းရင်းသားနယ်မြေတွေမှာ တည်ငြိမ်အေးချမ်းမှု နတ္ထိ၊ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရတာ အားလုံးအသိပါ။

ဒီဘက် ၁၉၈၈ နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရည်မှန်းချက်ကြီးကြီးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးရယူနိုင်အောင် နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့နိုင်ပါတယ်။ အဲဒီအချိန်တုန်းက ယုံကြည်ချက်၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ဆူပူလှုပ်ရှားနေကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းပေါင်း ၂၀ ကျော်ရှိခဲ့ပါတယ်။ နိုင်ငံရေးအယူအဆကွဲပြားမှုတွေအပြင် လူမျိုးရေးအစွန်းရောက်မှု၊ ဘာသာရေး အစွန်းရောက်မှုတွေပါ ရောထွေးနေတဲ့အတွက် ပြည်တွင်းသောင်းကျန်းမှု ပြဿနာရဲ့ သိမ်မွေ့နက်နဲရှုပ်ထွေးမှုကို နားလည်သဘောပေါက်နိုင်အောင် ကြိုးစားခဲ့ရပါတယ်။ မှန်ကန်ပျော့ပျောင်းတဲ့ သဘောထားရပ်တည်ချက်၊ ဖြူစင်တဲ့ စိတ်ရင်းစေတနာတွေကို အခြေခံပြီး ငြိမ်းချမ်းရေးကို လိုလိုလားလား ကမ်းလှမ်းစေ့စပ်ညှိနှိုင်းနိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း ၂၀ ကျော် ငြိမ်းချမ်းရေးရယူနိုင်ခဲ့တာ အားလုံးအသိပါပဲ။ ဒါဟာ ခေတ်အဆက်ဆက် ဘယ်အစိုးရကမှ အောင်မြင်အောင်မလုပ်နိုင်ခဲ့တဲ့ တိုင်းရင်းသားအရေးကို ဒီနေ့တပ်မတော်အစိုးရက အောင်မြင်အောင် စွမ်းဆောင်ပြလိုက်ခြင်းပဲဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

တစ်ဖက်ကလည်း ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုရရှိလာတဲ့ ဒေသတိုင်းမှာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေ၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလို တိုင်းရင်းသားတို့ရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ငွေကြေးပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံသုံးစွဲ အကောင်အထည်ဖော်ပေးခဲ့တဲ့အတွက် အခုဆိုရင် အစွန်အဖျားနယ်စပ်ဒေသများအားလုံးဟာ မြေပြန့်ဒေသနဲ့မခြား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပါပြီ။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားဘဝတွေကိုလည်း အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ပြီးဟိုယခင်တုန်းကနဲ့ ဘယ်လိုမှ မနှိုင်းယှဉ်သာအောင် စွမ်းဆောင်မြှင့်တင်ပေးနိုင်ခဲ့ပါပြီ။

ဒါ့အပြင် တိုင်းရင်းသားအရေးကို အလေးပေးတဲ့အနေနဲ့ ကျင်းပပြီးစီးခဲ့တဲ့ အထင်ကရ အမျိုးသားညီလာခံကြီးမှာ တက်ရောက်တဲ့ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ခန့်အနက် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော်အထိ ပါဝင်တက်ရောက်ခွင့်ပေးခဲ့တာကို တွေ့နိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူနဲ့ အသေးစိတ်အခြေခံမူများ ချမှတ်ရာမှာလည်း လူမျိုးရေး၊ ဝါဒရေး၊ ဘာသာရေး ကွဲပြားခြားနားမှု အခြေအနေများကို လက်ခံစဉ်းစားပြီး မတူခြားနားတဲ့ အယူအဆ၊ သဘောထားများအတွင်းကနေ ဒီမိုကရေစီရဲ့ သဘောတရားအတိုင်းအများစုကြီး(Overwhelmingly majority) က လက်ခံသဘောတူနိုင်တဲ့ အဖြေရရှိတဲ့အထိ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခဲ့ကြရပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေ အချိန်အခါအရ အသင့်မြတ်ဆုံး၊ အကျိုးအရှိနိုင်ဆုံးအဖြေများကို ဖော်ထုတ်နိုင်ခဲ့ပြီး တိုင်းရင်းသားအရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောင်အောင်မြင်မြင်ပြဋ္ဌာန်း အတည်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီနေ့အချိန်အခါမှာ နိုင်ငံမှာဘယ်တုန်းကမှမရနိုင်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံပြီး တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်တွေ ဖွံ့ဖြိုးဝေဆာနေပါပြီ။ တိုင်းရင်းသားတို့ရဲ့ နယ်စပ်တောင်တန်းဒေသတွေဟာလည်း အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ အခြေတင့်အနေမြင့်တဲ့အဆင့်ကို ရောက်နေပါပြီ။ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုလည်း အခြေခံဥပဒေနဲ့အညီ နယ်ခြားစောင့်တပ်အဖြစ်အသွင်ကူးပြောင်းပြီး ယာယီငြိမ်းချမ်းရေးမှသည် ထာဝရ ငြိ[...] ရယူတည်ဆောက်နိုင်ခဲ့ကြပါပြီ။ ကျင်းပပြီ[...] အထွေထွေရွေးကောက်ပွဲကြီးမှာလည်း လွှ[...] ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ရွေးချ[...] အသီးသီးရရှိခဲ့ကြလို့ သက်ဆိုင်ရာ တိုင်းရင်းသ[...] သားပါတီအများစု အောင်နိုင်ခဲ့ကြပြီး အ[...] တစ်ဆင့် ကိုယ့်တိုင်းရင်းသားအရေးကို ဦး[...] နိုင်ဖို့ အားကြိုးမာန်တက်ပြင်ဆင်နေကြပါပြီ[...]

ဒီလိုအခြေအနေ၊ ဒီလိုအချိန်အခါမျိုးမှာ[...] က အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ အခေ[...] ညီလာခံ(ဝါ) ၂၁ရာစုပင်လုံညီလာခံဆိုတာနဲ့[...] ကြိုးပမ်းလာကြတာကို တွေ့မြင်နေရပါတယ်[...] တွေ၊ တချို့သော နိုင်ငံရေးအဖွဲ့အစည်းတွေ[...] ဝင်ရောက်ပြီး BGF မဖွဲ့နိုင်သေးတဲ့ တိုင်[...] အဖွဲ့တွေ၊ ပြည်ပမှာရှိနေတဲ့ သောင်းကျန်[...] အားလုံးကို ဝေါဟာရတစ်ခုတည်းနဲ့ တစ်ပြိ[...] လိုက်တာပါပဲ။ ဒါပေမယ့် ဒီစကားဟာ နိုင်ငံ[...] အင်မတန်အန္တရာယ်ကြီးပါတယ်။ ဒီလိုအန္တ[...] မိမိနဲ့မိမိအုပ်စု အကျိုးစီးပွားတစ်ခုတည်းကို [...] ပြောထွက်တာက ပိုပြီးအံ့ဩဖို့ကောင်းပါတ[...]

တကယ်တမ်းပြောရရင် ပင်လုံညီလာခံ[...] အနေနဲ့ ဒီနေ့အခြေအနေအများကြီးကွာခြား[...] အနေကို နှိုင်းယှဉ်သုံးသပ်မယ်ဆိုရင် ဟို[...] စိတ်ဝင်တစားဝင်ရောက်စွက်ဖက်နိုင်တာက[...] တယ်။ အင်္ဂလန်ကိုယ်တိုင်တောင်မှ ဒုတိယက[...] လေးကြေမွပြီး ကိုယ့်ဇာတ်ကိုယ်မနိုင် ဖြစ်[...] ဒီနေ့အခြေအနေမှာတော့ မြန်မာ့အရေးဟာ [...] နိုင်ငံတကာနဲ့ပါ ဆက်စပ်နေပြီး စိတ်ဝင်တ[...] မျိုးဖြစ်နေပါပြီ။ ဒါကြောင့် ဒီနေ့ပထဝီနိုင်ငံ[...] အထားကို ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မ[...]

ပြည်တွင်းအခြေအနေကို နှိုင်းယှဉ်[...] တိုင်းရင်းသားတွေဟာ နယ်ချဲ့ရဲ့သွေးခွဲအုပ်ချ[...] ကြောင့် အဆက်အဆံနည်းပြီး အသိဗဟုသုတ[...] မပြည့်စုံခဲ့တာ တွေ့နိုင်ပါတယ်။ ပင်လုံကို[...] တိုင်းရင်းသားမစုံခဲ့ပါဘူး။ ကရင်ဟာ လာရေ[...] ရှိခဲ့သလို ရခိုင်တို့၊ မွန်တို့ဆိုတာတွေလည်း ပ[...] ဒီနေ့အချိန်မှာတော့ တိုင်းရင်းသား မျိုးနွယ်စု[...] ကူးလူးဆက်သွယ်ဆက်ဆံမှုတွေ ယခင်နဲ့ [...] တိုးတက်လာသလို တိုင်းရင်းသားတွေရဲ့အ[...] အရင်ကထက် အများကြီးမြင့်မားလာခဲ့ကြ[...] မှာလည်းတက်ရောက်ခွင့်ရခဲ့ကြပြီး အနာဂတ်[...] အရေးတွေကို ကိုယ်တိုင်ကိုင်တွယ် စီမံဆော[...] ကြပါပြီ။ ဒါ့အပြင် ၁၉၄၇ တုန်းက သောင်း[...]

အနာဂတ်ကိုသွားကြရာမှာ ဖြစ်သင့်တာက ပြည်[...] အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ရေရှည်အ[...] အတွက် စီးပွားရေးကို ရှေ့တန်းတင်ဦးစားပေး တ[...] ထူထောင်ပြီးကာမှ နိုင်ငံရေးဆိုတာကို နောက်ကလိုက်[...] ဖြစ်သင့်ပါတယ်။ လောလောဆယ် တိုင်းရင်းသ[...] အားလုံးရဲ့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ဖို့အတွက် [...] ဖွံ့ဖြိုးတိုးတက်မှုကို စပြီးဖော်ဆောင်နိုင်ဖို့ ဦးစား[...] နေပါတယ်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြီး ယာယီငြိမ်းချမ်းရေးမှသည် ထာဝရ ငြိမ်းချမ်းရေးအာမခံချက်ကို ရယူတည်ဆောက်နိုင်ခဲ့ကြပါပြီ။ ကျင်းပပြီးခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာလည်း လွတ်လပ်ပြီး တရားမျှတစွာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ပိုင်ခွင့်တွေ အသီးသီးရရှိခဲ့ကြလို့ သက်ဆိုင်ရာ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားပါတီအများစု အောင်နိုင်ခဲ့ကြပြီး အနာဂတ်လွှတ်တော်များက တစ်ဆင့် ကိုယ့်တိုင်းရင်းသားအရေးကို ဦးဆောင်တင်ပြဆောင်ရွက်နိုင်ဖို့ အားကြိုးမာန်တက်ပြင်ဆင်နေကြပါပြီ။

ဒီလိုအခြေအနေ၊ ဒီလိုအချိန်အခါမျိုးမှာ ဆန့်ကျင်ဘက်အုပ်စုတွေက အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ အကြောင်းပြပြီး ဒုတိယပင်လုံညီလာခံ(ဝါ) ၂၁ရာစုပင်လုံညီလာခံဆိုတာနဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးပမ်းလာကြတာကို တွေ့မြင်နေရပါတယ်။ ဒါဟာ တိုင်းရင်းသားတွေ၊ တချို့သော နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး BGF မဖွဲ့နိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ ပြည်ပမှာရှိနေတဲ့ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ အားလုံးကို ဝေါဟာရတစ်ခုတည်းနဲ့ တစ်ပြိုင်နက် စည်းရုံးသိမ်းသွင်းလိုက်တာပါပဲ။ ဒါပေမယ့် ဒီစကားဟာ နိုင်ငံအတွက်၊ ပြည်သူအတွက် အင်မတန်အန္တရာယ်ကြီးပါတယ်။ ဒီလိုအန္တရာယ်ကြီးမှန်းသိလျက်နဲ့ မိမိနဲ့မိမိအုပ်စု အကျိုးစီးပွားတစ်ခုတည်းကို ရှေ့တန်းတင်ပြီး ဒီစကားကို ပြောထွက်တာက ပိုပြီးအံ့ဩဖို့ကောင်းပါတယ်။

တကယ်တမ်းပြောရရင် ပင်လုံညီလာခံကျင်းပခဲ့တဲ့ ၁၉၄၇ အခြေအနေနဲ့ ဒီနေ့အခြေအနေအများကြီးကွာခြားသွားခဲ့ပါပြီ။ ပြည်ပအခြေအနေကို နှိုင်းယှဉ်သုံးသပ်မယ်ဆိုရင် ဟိုတုန်းက မြန်မာ့အရေးကို စိတ်ဝင်တစားဝင်ရောက်စွက်ဖက်နိုင်တာက အင်္ဂလန်တစ်နိုင်ငံပဲရှိပါတယ်။ အင်္ဂလန်ကိုယ်တိုင်တောင်မှ ဒုတိယကမ္ဘာစစ်ထောင်းလို့ အတော်လေးကြေမွပြီး ကိုယ့်ဇာတ်ကိုယ်မနိုင် ဖြစ်နေတဲ့ အနေအထားမျိုးပါ။ ဒီနေ့အခြေအနေမှာတော့ မြန်မာ့အရေးဟာ အိမ်နီးချင်းနိုင်ငံများနဲ့ရော နိုင်ငံတကာနဲ့ပါ ဆက်စပ်နေပြီး စိတ်ဝင်တစားရှိကြတဲ့ အနေအထားမျိုးဖြစ်နေပါပြီ။ ဒါကြောင့် ဒီနေ့ပထဝီနိုင်ငံရေး(Geopolitics) အနေအထားကို ထည့်သွင်းစဉ်းစားဖို့ လိုပါလိမ့်မယ်။

ပြည်တွင်းအခြေအနေကို နှိုင်းယှဉ်ရင်လည်း ဟိုတုန်းက တိုင်းရင်းသားတွေဟာ နယ်ချဲ့ရဲ့သွေးခွဲအုပ်ချုပ်မှု၊ နှိမ့်ချအုပ်ချုပ်မှုတွေကြောင့် အဆက်အဆံနည်းပြီး အသိဗဟုသုတလည်း ဒီနေ့လောက်အထိ မပြည့်စုံခဲ့တာ တွေ့နိုင်ပါတယ်။ ပင်လုံကို လာတက်တာတောင်မှ တိုင်းရင်းသားမစုံခဲ့ပါဘူး။ ကရင်ဟာ လာရောက်လေ့လာတဲ့အဆင့်သာရှိခဲ့သလို ရခိုင်တို့၊ မွန်တို့ဆိုတာတွေလည်း ပင်လုံမှာလုံးဝမပါခဲ့ပါဘူး။ ဒီနေ့အချိန်မှာတော့ တိုင်းရင်းသား မျိုးနွယ်စုတွေအကြား အပြန်အလှန်ကူးလူးဆက်သွယ်ဆက်ဆံမှုတွေ ယခင်နဲ့ မယှဉ်သာလောက်အောင် တိုးတက်လာသလို တိုင်းရင်းသားတွေရဲ့အသိ၊ ဗဟုသုတဟာလည်း အရင်ကထက် အများကြီးမြင့်မားလာခဲ့ကြပါပြီ။ အမျိုးသားညီလာခံမှာလည်းတက်ရောက်ခွင့်ရခဲ့ကြပြီး အနာဂတ်နိုင်ငံအရေးနဲ့တိုင်းရင်းသားအရေးတွေကို ကိုယ်တိုင်ကိုင်တွယ် စီမံဆောင်ရွက်ဖို့ အသင့်ဖြစ်နေကြပါပြီ။ ဒါ့အပြင် ၁၉၄၇ တုန်းက သောင်းကျန်းသူရယ်လို့ မရှိခဲ့သေးပေမယ့် ဒီနေ့သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ စသဖြင့် ရှိနေခဲ့ရှိနေဆဲအခြေအနေမျိုးပါ။ ဒါ့အပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး လက်နက်မစွန့်သေးတဲ့ အခြေအနေတွေလည်းရှိနေပါသေးတယ်။ ဒါကြောင့် အဲဒီတုန်းကအခြေအနေတွေနဲ့ ဒီနေ့အခြေအနေအများကြီး ကွာခြားသွားခဲ့ပြီဆိုတာ သတိမူသင့်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ပေါ်ထွက်လာတဲ့ ဒုတိယပင်လုံညီလာခံကိစ္စဟာ လုံးဝ သွေးရိုးသားရိုးမဟုတ်ပါဘူး။ မင်းသားကြီးမလုပ်ရတဲ့ အပယ်ခံတွေစုပြီး ပတ်မကြီးထိုးဖောက်ဖို့ ကြံစည်ကြတာကလွဲလို့ တခြားကိစ္စဖြစ်နိုင်ပါရိုးလား။ စည်းလုံးပြီးသား၊ ညီညွတ်ပြီးသား၊ တည်ငြိမ်အေးချမ်းပြီးသား၊ ဖွံ့ဖြိုးတိုးတက်ပြီးသား အခြေအနေကို အမြစ်ကစမြေလှန်ပြီး ဖြိုခွဲဖို့၊ ခလောက်ဆန်ဖို့၊ အကောက်ကြံဖို့မှ တစ်ပါး အခြားမရှိနိုင်တာ ထင်ရှားလှပါတယ်။

ဆန့်ကျင်ဘက်အုပ်စုတွေဟာ လက်ရှိအခြေအနေမှာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် အားလုံးနဲ့ပူးပေါင်းဆောင်ရွက်သွားပါမယ်၊ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို လိုလားပါတယ်လို့ အသံကောင်းဟစ်နေသလို တစ်ဖက်ကလည်း စစ်မှန်တဲ့ပြည်ထောင်စု ဖော်ဆောင်ရေးဆိုတာကို တွင်တွင်ကြီး ကြွေးကြော်နေပါတယ်။ Peace Revolution ဆိုတဲ့ ဝေါဟာရလှလှကို အကာအကွယ်ယူထားပေမယ့် အတွင်းအနှစ်သာရကတော့ ယခင့်ယခင်တုန်းကလိုပဲ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးစတဲ့ Hard Line ကို ဖက်တွယ်ထားဆဲပါပဲ။ ၉၀ ရလဒ်ကို လက်မလွှတ်ဘူး၊ ၂၀၀၈ အခြေခံဥပဒေကို လက်မခံဘူး၊ ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ်မပြု၊ လက်မခံဘူးဆိုတဲ့ အစိုးရလုပ်သမျှ ဆန့်ကျင်ရေးသံသရာထဲမှာ လည်နေတုန်းပါပဲ။

ပြောရရင် ၂၁ ရာစုပင်လုံရဲ့ ရည်ရွယ်ချက်အနှစ်သာရက ဖက်ဒရယ်ပါပဲ။ အင်မတန် အန္တရာယ်ကြီးတဲ့ကိစ္စပါ။ ဒါ့အပြင် ဒီနေ့မြေပေါ်တိုင်းရင်းသားခေါင်းဆောင်များသာမက မြေအောက်တိုင်းရင်းသားအုပ်စုတွေ၊ သောင်းကျန်းသူလက်နက်ကိုင်အုပ်စုတွေပါ ပါဝင်လာဖို့ဆိုတာ အင်မတန် စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်။ တကယ်တမ်းပါဝင်လာမယ်ဆိုလို့ရှိရင်လည်း သူတို့အားလုံးရဲ့အမြင်တွေ၊ အစွဲတွေ၊ လိုလားချက်တွေကို နိုင်နိုင်နင်းနင်းကိုင်တွယ်ပြီး အောင်မြင်အောင် Compromise လုပ်နိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း တချို့သော တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဝါရင့်သမ္မာရင့် နိုင်ငံရေးသမားတွေ၊ ဂျာနယ်လစ်တွေက ဒုတိယပင်လုံညီလာခံကိစ္စဟာ မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူး၊ မထောက်ခံဘူးလို့ ကန့်ကွက်လာကြတာပါ။ ဒါကို ခေါင်းမာမာနဲ့ အတင်းရှေ့ဆက်တိုးမယ်ဆိုရင်တော့ မလိုလားအပ်တဲ့၊ မကောင်းတဲ့အကျိုးဆက်တွေကို ရင်ဆိုင်ကြရမှာ မုချပါပဲ။

အမှန်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တိုင်းရင်းသားရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပါဝင်ပြီးသားပါ။ ဒီပြဋ္ဌာန်းချက်တွေဟာလည်း တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်အများစု လွှမ်းမိုးပါဝင်တဲ့ အမျိုးသားညီလာခံကြီးကနေ အားလုံးသဘောတူချမှတ်ထားတဲ့အချက်တွေပါ။ ဒါကြောင့် ဖြစ်သင့်တာကတော့ အခြေခံဥပဒေနဲ့အညီသာ ဆက်လက်ဖော်ဆောင်သွားကြရပါမယ်။ အဲလိုကျင့်သုံးဖော်ဆောင်ရင်းတွေ့ရှိလာတဲ့အားနည်းချက်၊ အားသာချက်တွေကို လွှတ်တော်တွေထဲမှာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီး **Win-Win Situation** ရအောင် ကြိုးပမ်းကြခြင်းသည်သာ အန္တရာယ်အကင်းဆုံးနဲ့ အသင့်မြတ်ဆုံး ဖြစ်ပါလိမ့်မယ်။

အခုဆိုရင် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၆)ဖြစ်တဲ့ လွှတ်တော်များပေါ်ပေါက်လာခဲ့ပြီးဖြစ်လို့ လွှတ်တော်များအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းအဖြေရှာရင်း ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒါပြီးရင် အဆင့်(၇)ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးကို တိုင်းရင်းသားအားလုံး တက်ညီလက်ညီလက်တွဲပြီး ဆက်လက်ဖော်ဆောင်နိုင်ကြတော့မှာ ဖြစ်ပါတယ်။

အနာဂတ်ကို သွားကြရာမှာ ဖြစ်သင့်တာက ပြည်ထောင်စုရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် စီးပွားရေးကို ရှေ့တန်းတင်ဦးစားပေး တည်ဆောက်ထူထောင်ပြီးကာမှ နိုင်ငံရေးဆိုတာကို နောက်ကလိုက်တာမျိုးပဲ ဖြစ်သင့်ပါတယ်။ လောလောဆယ် တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ဖို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စပြီးဖော်ဆောင်နိုင်ဖို့ ဦးစားပေးလိုအပ်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခိုင်အမာတည်ဆောက်ပြီးကာမှ နိုင်ငံရေးကို တဖြည်းဖြည်းချင်း ပွင့်လင်းတိုးတက်လာအောင် ပြောင်းလဲယူရတာ အနာဂတ်အတွက် ပိုပြီးအလုပ်ဖြစ်မယ် ထင်ပါတယ်။ ဒါဟာ တရုတ်မှာ တိန့်ရှောင်ဖိန်သွားခဲ့တဲ့ လမ်းကြောင်းပါ။ စီးပွားရေးကို အရင်ဆုံးပြောင်းလဲမြှင့်တင်ပြီး နောက်ပိုင်းမှာမှ နိုင်ငံရေးကို ပွင့်လင်းလာအောင် တဖြည်းဖြည်းပြောင်းလဲ ဆောင်ရွက်ပေးနေတာ သိပ်ကို သိမ်မွေ့ညင်သာပါတယ်။ နိုင်ငံနဲ့ ပြည်သူလည်း အရမ်းကို ဖွံ့ဖြိုးတိုးတက်ပါတယ်။ ဒါဟာ အကောင်းဆုံးနမူနာပါ။ ဒီလိုမဟုတ်ဘဲ ဒီမိုကရေစီရမှ အရာရာဖြစ်နိုင်မယ်ဆိုတဲ့ သာမင်ညောင်ညအတွေးခေါ်မျိုးနဲ့ နိုင်ငံရေးကို အလောသုံးဆယ် အတင်းအဓမ္မရှေ့တန်းတင်ပြီး ဒုတိယပင်လုံလိုမျိုး ထိပ်တိုက်ရင်ဆိုင်ရေးဆီကို ဦးတည်ကြိုးပမ်းလာမယ်ဆိုရင် အကျိုးထက်အပြစ်က ပိုများလိမ့်မယ်ဆိုတာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပါဘူး။

ဒါကြောင့် ချုပ်ပြီးပြောရရင် ဒုတိယပင်လုံညီလာခံဆိုတာ ဒီနေ့ဒီအခြေအနေမျိုးမှာ လုံးဝမလိုအပ်ပါဘူး။ ဒါကိုပဲ ၂၁ ရာစုပင်လုံဆိုပြီး ပြည်သူကိုမျက်လှည့်ပြဖို့ ကြိုးစားလာတာမျိုးကလည်း လုံးဝမဖြစ်သင့်ပါဘူး။ ၁၉၄၇ ခုနှစ်တုန်းက ပင်လုံညီလာခံဟာ ကာလဒေသပယောဂနဲ့ ကိုက်ညီမှန်ကန်ပြီး လွတ်လပ်ရေးမျိုးစေ့ကို ချပေးနိုင်ခဲ့တယ်ဆိုပေမယ့် ဒီနေ့ ဒီအခြေအနေမှာတော့ ပြည်ထောင်စုပြိုကွဲပျက်စီးစေမယ့် မျိုးစေ့ကိုသာ ချမှတ်ဖော်ဆောင်ပေးနိုင်ပါလိမ့်မယ်။ ဒါကြောင့် ထူးမြတ်တဲ့ ပြည်ထောင်စုနေ့အခါသမယမျိုးမှာ အခုလို ပြည်ထောင်စုကြီးကို ဖြိုခွဲမယ့်အကြံဟူသမျှ ဝိုင်းဝန်းဆန့်ကျင်ဖယ်ရှားပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲသည်ထက် ပိုမိုခိုင်မြဲအောင်၊ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ချီတက်ရာလမ်းမှာ ခလုတ်တံသင်းကင်းပြီး အစစအရာရာ ချောမွေ့ဖြောင့်ဖြူးအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာသာဖြစ်ပါကြောင်း ထပ်လောင်းတိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

...မှာ ဖြစ်သင့်တာက ပြည်ထောင်စုရဲ့ ...ည်သူအားလုံးရဲ့ ရေရှည်အကျိုးစီးပွား ...ရှေ့တန်းတင်ဦးစားပေး တည်ဆောက် ...ရေးဆိုတာကို နောက်ကလိုက်တာမျိုးပဲ ...လောဆယ် တိုင်းရင်းသားပြည်သူ ... မြှင့်တင်နိုင်ဖို့အတွက် စီးပွားရေး ...ဖော်ဆောင်နိုင်ဖို့ ဦးစားပေးလိုအပ်

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

တက်ညီလက်ညီ ပြည်သစ်တည်

❍ အတီအတော၊ ရှေးပဝေက
မြေပြန့်တောင်ပေါ်၊ လက်တွဲပျော်ကာ
စေ့ဆော်သွေးချင်း၊ ညီညွတ်ခြင်းဖြင့်
မင်းဆက်နိုင်ငံ၊ အောင်မြေမှန်ဝယ်
''မြန်မာ''ဟူဘိ၊ ကမ္ဘာသိမျှ
ဇာတိစဉ်လာ၊ တက်နေဖြာ၍
ဩဇာပြန့်မိုး၊ ဘုန်းရှိန်တိုးလျက်
မြေမိုးသိမ့်တုန် ဒို့မျိုးဂုဏ်။

❍ တစ်ကွေ့တစ်ကြိမ်၊ တန်ခိုးမှိန်လျက်
ရေတိမ်မှာနစ်၊ သူ့ကျွန်ဖြစ်လည်း
နှံ့နစ်မခံ၊ ဇာတိမာန်ဖြင့်
တွန်းလှန်နိုးကြွ၊ တူရှန်းထလျက်
ပြည်မ ပြည်နယ်၊ ပေါင်းစည်းသွယ်ကာ
နယ်ချဲ့ ဖက်ဆစ်၊ မောင်းထုတ်ပစ်ခဲ့
တစ်ခေတ်ပွင့်လန်း လွတ်လပ်ပန်း။

❍ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
စောင့်ရှောက်ဖေးကူ၊ ချစ်ကြည်ဖြူစွာ
အေးတူပူမျှ၊ နေလာကြ၍
နှစ်လထောင်ချီ၊ သမိုင်းရှည်ဝယ်
''သာကီ''မော်ကွန်း၊ ရွှေပြည်ထွန်းခဲ့
ဖော်ညွှန်းသက်သေ အမိမြေ။

❍ နွားကွဲပေပြား၊ ကျားဆွဲသွားလိမ့်
ကျားငစဉ်းလဲ၊ ကောက်ကျစ်မြဲကို
ခွဲခြားသိနေ၊ ဒို့တစ်တွေလျှင်
တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွား
စီးပွားမခွဲ၊ ကြီးပွားမြဲအောင်
တွဲလက်ပိုင်ပိုင် မြဲခိုင်ခိုင်။

❍ ပေါင်းစည်းခြင်း၏၊ အားကိုသိကာ
ညီဘိဓိဋ္ဌာန်၊ သစ္စာနှံခဲ့
ဒို့ဝန်ဒို့ထမ်း၊ ဒို့လမ်းဒို့ချီ
ဒို့ပြည်ဒို့မြှင့်၊ ဒို့ခွင့်ဒို့ပိုင်
ဒို့နိုင်ငံရေး၊ ဒို့မျှော်တွေးလျက်
မနေးပန်းတိုင်၊ တူလှမ်းကိုင်စို့
မဆိုင်သူများ၊ ဘေးစကားထက်
နှောင်ညီဆွေသား၊ သွေးစကားကို
ဒို့များယုံကြည် ရှေ့သို့ချီ။
တက်ညီလက်ညီ ပြည်သစ်တည်။
ရွှေပြည်မျက်မှောက် ရောက်လုပြီ။
ဒီမိုကရေစီ တိုင်းရွှေပြည်။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

တောင်ငူမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ ကတ္တရာလမ်းသစ်များဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါလမ်းများထိပ် မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်၍ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အလှူငွေပေးအပ်

ထို့နောက် တိုင်းမှူးသည် တောင်ငူမြို့ သာသနာဟိတကာရီ ဗိမာန်တော်ကြီး၌ ကျင်းပသော သမိုင်းဝင် ရွှေဆံတော်စေတီတော်နှင့် မြစည်းခုံစေတီတော်များ၏ ရွှေသင်္ကန်းကပ်လှူရန်နှင့် ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသုံးပစ္စည်းများ ထန်းတပင်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ထန်းတပင်မြို့နယ် ညောင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ ၂၈ ရက်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် အဖွဲ့ဝင်များက ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ဆရာ ဆရာမများနှင့် ကျောင်းနေကလေးငယ်များအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ) (၁၈၃)**

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ
မန္တလေး၌ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်၉နာရီက မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် သင်တန်းတွင် ပထမဆုရရှိသော ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ပန်းအိသန္တာဝင်း၊ ဒုတိယဆု ရရှိသောချောက်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဦးငြိမ်းချမ်းဗိုလ်နှင့် တတိယဆုရရှိသော ကလေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်အေးအေးမွန်တို့အား ဆုများချီးမြှင့်ပေးခဲ့ပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသားခေါင်းဆောင်ကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၀တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၀)**

စွမ်းစွမ်းတမံမီးငြိမ်းသတ်ခဲ့ကြသူများအား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး မီးလောင်မှုဖြစ်ပွားရာတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့သူများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက်၉နာရီက ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ (A +B) ရုံ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)** ယင်းနောက် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး မီးငြိမ်းသတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ဈေးသူ ဈေးသားများ၊ ဈေးစည်ပင်ဝန်ထမ်းများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

သရုပ်ပြသ

ထို့နောက် Rain Flower မြန်မာသီဟကုမ္ပဏီက မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှုကို သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပူးပေါင်းသရုပ်ပြ

မင်းလှမြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၅ရက်က မီးသတ်ဆေးဘူးများဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း သရုပ်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားနှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ
ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပသည်။

ဂုဏ်ပြုလွှာပေးအပ်

အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး စစ်တုရင် အားကစားသမား မသန္တာအေးဝင်းနှင့် မိသားစုက အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ချီးမြှင့်ပေးအပ်

ထို့နောက် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရရှိသော မေဆုလွင်အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က ဆုဖလားနှင့် ငွေသားဆုငွေကျပ်နှစ်သောင်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော မေဆက်လွင်အား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးစိုးနိုင်ဆွေက ဆုဖလားနှင့် ငွေသားဆု ငွေကျပ်သုံးသောင်းကိုလည်းကောင်း၊ ပထမဆုရရှိသော နန်းအမ်ကေခိုင်လျှမ်းအား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦးက ဆုဖလားနှင့်ငွေသားဆု ငွေကျပ်ငါးသောင်းကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကျော်လင်းနိုင် (သစ်တောရေးရာ)အား ဆုဖလားနှင့် ငွေသားဆု ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ဝင်းဇော်ထွန်း (လယ်ယာ/ဆည်မြောင်း)အား ဆုဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ပထမဆုရရှိသော ဇော်ဦး (ကာကွယ်ရေး) အား ဆုဖလားနှင့်ငွေသားဆု ငွေကျပ်နှစ်သိန်းငါးသောင်းကို လည်းကောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ချီးမြှင့်ပေးအပ်သည်။

တံခွန်စိုက်ဒိုင်းချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသော နန်းအမ်ကေခိုင်လျှမ်း **(ဝဲပုံ)** နှင့် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဇော်ဦး (ကာကွယ်ရေး)တို့အား တံခွန်စိုက်ဒိုင်းဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အား/ကာဦးစီး)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု
မိုးညှင်း၌ ကတ္တရာလမ်းဖွင့်

မိုးညှင်း ဖေဖော်ဝါရီ ၁၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့ ဗိုလ်ချုပ်အောင်ဆန်းတိုးချဲ့ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကတ္တရာလမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ အခမ်းအနားတွင် ကတ္တရာလမ်းတိုးချဲ့ခင်းခြင်းနှင့်ပတ်သက်၍ အင်ဂျင်နီယာမှူးဦးဝင်းဦးက ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာတိုးချဲ့လမ်းသည် အရှည် ၉၇၂ပေရှိပြီး မူလ ၁၂ပေအကျယ်မှ ၂၄ ပေဖြစ်ကာ အဖွဲ့ရန်ပုံငွေ ၁၀၀ ဒသမ ၆၃ သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက " အလောင်းမင်းတရား " စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိရာ ယခု မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါ်အုန်းကြည်၏ " အလောင်းမင်းတရား " စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (ဓါတ်ပုံ)

အလောင်းမင်းတရားသည် နိုင်ငံစည်းရုံးသိမ်းသွင်းရေးအတွက် တိုက်ပွဲများဆင်နွှဲရင်း နိုင်ငံချဲ့ထွင်ရေး၊ စစ်ပွဲများဆင်နွှဲရင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သာသနာဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း ဆောင်ရွက်ခဲ့သည်။ ကုန်းဘောင်ခေတ် အုပ်ချုပ်ရေးနှင့် စီးပွားရေးအခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့သည့်အပြင် ထိုအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆောင်ရွက်ချက်များ၊ သာသနာစည်ပင်ထွန်းကားသန့်စင်အောင် ဆောင်ရွက်ချက်များကိုလည်း တစုတစည်းတည်း လေ့လာနိုင်သည်။ အလောင်းမင်းတရား နန်းသက်ရှစ်နှစ်အတွင်း (၁၇၅၂-၁၇၆၀) နိုင်ငံသိမ်းသွင်းရေးစစ်ပွဲများ၊ နိုင်ငံချဲ့ထွင်ရေးစစ်ပွဲများ အဆက်မပြတ်ဆင်နွှဲနေရသည့်ကြားက သိမ်းသွင်းပြီးမြို့ရွာများ ငြိမ်ဝပ်ပိပြားရန်၊ လုံခြုံရန်၊ အုပ်ချုပ်ရေးစနစ်ကျရန်၊ စီးပွားရေးဖွံ့ဖြိုးရန်၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးစည်ပင်ရန်၊ သာသနာထွန်းကားရန် ဆောင်ရွက်နိုင်ခဲ့သည့် အလောင်းမင်းတရား၏ စွမ်းရည်သတ္တိကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သည်။

စာအုပ်ကောင်းတစ်အုပ်

သမိုင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်များနှင့် မြန်မာသမိုင်း သုတေသနစာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန်ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

ဤစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနကဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ် အရောင်းဆိုင်၌လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅)၌လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ဖက်စ် ၀၆၇-၄၀၈၃၈၄နှင့် ရန်ကုန် အမျိုးသားပြတိုက် သမိုင်းသုတေသနဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၆၊ ၃၉၅၁၉၃နှင့် ဖက်စ်-၃၉၅၁၉၅တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသနဦးစီးဌာနက ယခင်က ထုတ်ဝေခဲ့သည့်စာအုပ်များနှင့် မြန်မာသမိုင်း သုတေသနစာစောင်များကိုလည်း အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုဇွန်တောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က သူရိယဆောင်ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်နုနုရွှေက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကျော်စည်သူအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၅ ၈။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၁၀ ၃။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄:၂၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၃၀ ၅။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀ ၈။ **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ**
၅:၃၀ ၉။ **ရိုးသားဖြူစင် ကလေးတို့အသွင်**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ **ပျော်စရာကမ္ဘာသို့** လွင်မိုး၊စိုးမြတ်နန္ဒာ၊ဇေလုဝ၊ ၄ က်ပျောကြော် (ဒါရိုက်တာ-မိုက်တီး)
၆:၃၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၁၀)
၇:၄၀ ၁၄။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်နိုင်မာရန်မှာ ဒို့ဝန်တာ** (အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **လျှပ်တစ်ပြက်ဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၇)
၂၀။ **သီချင်းချစ်သူ** (အချစ်သီချင်းများ စုစည်းမှုအထူးအစီအစဉ်)
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

KMDအထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

KMD Sales & Service ၏ Special Sales Road Show ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ရှိ KMD Sales Centre (ပန်းဆိုးတန်းဆိုင်ခွဲ)၊ မြေနီကုန်း မဟာမြိုင်ကားမှတ်တိုင်အနီးရှိ (မြေနီကုန်းဆိုင်ခွဲ) နှင့် မဟာဗန္ဓုလလမ်း အပေါ်ဆုံးဘလောက်ရှိ (မဟာဗန္ဓုလလမ်းဆိုင်ခွဲ) များ၌ ကျင်းပမည် ဖြစ်သည်။ Road Show တွင် နာမည်ကြီး Lenovo, Acer, HP, Dell, Compaq စသော Brandအစုံနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် Apple မှ ထုတ်လုပ်သော iPod, iPad, Mac Book, MacBook Pro, MacBook Air တို့နှင့် Apple Accessories များကိုလည်း ရောင်းချမည်ဖြစ်သည်။

ရောင်းချပေးသွားမည်

အထူး ဈေးရောင်းပွဲတော်တွင် နုတ်ဘုတ်အများအပြားကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ရာ P6200 Processor, 2GB DDR3, 500GB HDD, Modern, IMR များ ပါဝင်သော Prolink SW9 Notebook၊ Processor P6200, 2GB DDR3, 500GB HDD Bluetooth ပါဝင်သော Acer 4738z Notebook နှင့် P6200 Processor, 1GB DDR3, 500GB HDD တို့ ပါဝင်သော Lenovo G460L Notebook တို့ကို ငွေကျပ် ၃၉၀၀၀၀ ဝန်းကျင်ဖြင့်ရောင်းချပေးမည်ဖြစ်ပြီး Graphic စွမ်းရည် အသုံးချရန် လိုအပ်သူများအဖို့ Graphic Card 512MB ပါဝင်သော Lenovo G460 Notebook ကို ငွေကျပ် ၄၃၀၀၀၀ ဝန်းကျင်ဖြင့်လည်းကောင်း၊ Graphic Card 1GB ပါဝင်သော Acer 4741G Core i3 Notebook ကို ငွေကျပ် ၅၈၀၀၀၀ ဝန်းကျင်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ကံစမ်းမဲ

နုတ်ဘုတ် ဝယ်ယူသူများအတွက် Mouse, Keyboard Cover, Free Training Coupon, Notebook Case များကို လက်ဆောင်ပေးအပ်သွားမည့်အပြင် ငွေကျပ် ၃၀၀၀မှ ၁၅၀၀၀တန် ဈေးဝယ်ကူပွန်များကိုလည်း ဗလာမပါ ကံစမ်းမဲနှိုက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ကွန်ပျူတာဝယ်ယူသူတိုင်းကိုလည်း ငွေကျပ် ၈၀၀၀ တန် ပစ္စည်းအာမခံ တစ်နှစ်ခွဲပါဝင်သော Verbatim 4G Pen Drive ကို ငွေကျပ် ၄၅၀၀ တည်းဖြင့် ရောင်းချပေးသွားမည့်အပြင် ငွေကျပ် ၇၅၀၀ တန် Microlab B-18 Speakers ကို ငွေကျပ် ၅၅၀၀ တည်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို (၂၅) ရာခိုင်နှုန်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး International Diploma သင်တန်း (IDCS) အတွက်လည်း သင်တန်းကြေး သုံးသောင်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်သည်။

မေးမြန်းနိုင်

အသေးစိတ် စုံစမ်းသိရှိလိုပါက KMD Sales & Service Centre ဖုန်း-၅၀၃၅၂၂၊ ၃၈၅၁၇၇ နှင့် ၅၀၃၅၂၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တီးတိန်၌ ရေလှောင်ကန်တည်ဆောက်

တီးတိန် ဖေဖော်ဝါရီ ၁၀

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တီးတိန်မြို့နယ် တွီးဒီလ်းကျေးရွာအုပ်စု ဟိုင်မွာလ်ရွာဟောင်းအပါအဝင်ကျေးရွာလေးရွာတွင် ဂါလန် ၃၆၀၀ ဆံ့ ရေလှောင်ကန်နှစ်ကန်နှင့် ဂါလန် ၂၄၀၀ဆံ့ ရေလှောင်ကန်နှစ်ကန် ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးလွန်ဆန်းတို့ ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၁ ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကရင်ပြည်နယ် မြဝတီမြို့၌ ပေါက်ကွဲမှုဖြစ်ပွား အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသအာဏာပိုင်များက ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၁) ရပ်ကွက်ရှိ Seven Star လက်ဖက်ရည်ဆိုင်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် ထွန်းထွန်း အသက်(၃၀)နှင့် မမြမြသန်း (၂၁)နှစ်တို့ သေဆုံးခဲ့ပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။

ဒဏ်ရာရရှိသူများအား မြဝတီမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲ ဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီးမသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကသာမြို့ သာယာလှပရေးအတွက် လမ်းမတော်လမ်းဘေးရှိ မြေယာရှင်းနေရာတွင် အလှမီးဆိုင်း/မီးတိုင်များ တပ်ဆင်ထားရှိမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ထူးခြားသည့် ညအပူချိန်များ
၁၀-၂-၂၀၁၁

နမ့်စန်မြို့	လွိုင်လင်မြို့
၃ ဒီဂရီစင်တီဂရိတ်	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	ပင်လောင်းမြို့
၃ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ သမားတော်ကြီး ဦးခင်မောင်လင်း (မေတ္တာတန်ခိုး တိုင်းရင်းဆေးခန်း)-ဒေါ်ခင်ကြိုင်တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးချမ်းပြည့်လင်း B.C.Sc (D.S.A), M.E (Tech)

(လက်ထောက်ကထိက၊ စစ်တက္ကသိုလ်)

နှင့်

မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်အောင်-ဒေါ်ခင်မေတင့်တို့၏သမီးကြီး

မသက်စုလွင် (B.Pharm)

(အလုပ်ရုံခွဲမှူး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပြင်ဦးလွင်မြို့)

တို့၏ ၅-၂-၂၀၁၁ရက် ပြင်ဦးလွင်မြို့ မြနန်းတော်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဇော်ဝင်းနှင့်ဇနီး ဒေါ်နော်ရီးလာတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးသန့်ဇင်အုံးနှင့်ဇနီး ဒေါ်ဝင်းမာတို့အားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးချမ်းပြည့်လင်း-မသက်စုလွင်။

ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌သာမြန်မာကျွမ်းကျင်ဖြင့်ခန့်ထားရန်

၁။ **စီမံကိန်းမန်နေဂျာ** ကျား/မ (၂) ဦး

၂။ **ဆောက်လုပ်ရေးအင်ဂျင်နီယာ** ကျား/မ (၂) ဦး

အမှတ်စဉ် (၁)(၂) အတွက် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိရမည်။ အမှတ်စဉ် (၁)အတွက် စီမံကိန်း အတွေ့အကြုံ ရှိရမည်၊ ဘွဲ့ရဖြစ်ရမည်။ အမှတ်စဉ်(၂)အတွက် Civil ဘွဲ့ရဖြစ်ရမည်။(၂)ပတ်အတွင်း

သတ်တန့်ရောက်ကျွမ်း... (၂၀) ...

edexcel INTERNATIONAL

CHINDWIN ENGINEERING SCHOOL

... Edexcel Approved Training Center ... UK Engineering ... Higher National Diploma ...

... Sunderland ... Wolverhampton B.E.(Electrical & Electronic) ... (Mechatronics) final year ... direct entry ...

... Foundation ... Higher National Diploma ၂ နှစ် ... Singapore ... UK ... UK Engineering B.E.(Hons) ...

... Foundation ... Higher National Diploma ...

၂၀၁၁ ... ရန်ကုန် နှင့် မန္တလေး တွင် ...

email: info@chindwincollege.com, www.chindwin.com

airBagan - ရန်ကုန် - မန္တလေး မှ အိန္ဒိယဘုရားဖူး တိုက်ရိုက်ပျံသန်းမည်။

MAI - ... Air Bagan - ...

2011 Mar - 5, 9, 12, 19, 23, 26

Apr - 2, 9, 10, 17, 24 ...

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှင်းကျော် ၁၃/တကန(နိုင်)၀၀၃၆၈၆၊ အမှတ် ၆၀၄၊ Yuzana Business Tower၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

KIDSPLANET

အထက်ပါ ကုန်အမှတ်တံဆိပ်သည် မြန်မာပြည်၌ တစ်ဦးတည်းမူပိုင် KIDSPLANET ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၁၆/၂၀၁၀ဖြင့် အတွဲအမှတ် ၂၅၂၂၊ စာမျက်နှာ ၄၂/၄၃တွင် မှတ်ပုံတင်ထားပြီး ယင်းတံဆိပ်အမှတ်အသားဖြင့် ကျွန်ုပ်၏မိတ်ဆွေသည် အသင့်ချုပ်ပြီး ကလေးအဝတ်အထည်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ဤကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား တုပပြုလုပ်အသုံးပြု၍ ကုန်ပစ္စည်းများကို တရားမဝင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်သည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်းစိန်
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၉၀၃)
အမှတ် ၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရုံးခန်းဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉-၅၁-၇၅၁၁၇။

ဈေးဝယ်မထွက်ခင်ကြိုပြင်ဖို့ 7Day SHOPPING GUIDE ကိုဖတ်ကြစို့

7 Day Shopping Guide Journal

မြဝတီရုပ်မြင်သံကြား

၁၁-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ ဦးတည်ချက် (၁၂)ရပ်
- ၈:၁၃ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၃။ အဖွင့်သီချင်း
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၇။ အိုင်စီတီသုတ
- ၄:၅၅ ၈။ အားလုံးရဲ့တာဝန်
- ၅:၁၀ ၉။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (မြန်မာစာ)
- ၅:၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အေးချမ်းသောသဘာဝမြေ (အပိုင်း-၁)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက် (၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၁၀)
- ၂၆။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

မျက်မှန်...

ဆီဘောက်ဆာကားမှ ဆီကဲ့ယူစဉ် တပ်ကုန်းမြို့၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ခရိုင် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမဘေးရှိ ကိုစိုးကျော်ဦး၏ စက်သုံးဆီ ရောင်းဝယ်ရေးဆိုင်မှ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ (ဓါတ်ပုံ)

မီးလောင်မှုဖြစ်ပွားပုံမှာ အဆိုပါ စက်သုံးဆီဆိုင်တွင် ဓာတ်ဆီဘောက်ဆာကားမှ ဆီကဲ့ယူဖြည့်စဉ် မီးလောင်ကျွမ်းခြင်း ဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်လျှင်ဖြစ်ချင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်တို့မှ မီးသတ်ယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးမှာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးညွန့်ကျိုးသွားသည်။ မီးလောင်မှုကြောင့် ဓာတ်ဆီဆိုင်နှင့် ဆီပီပါများ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ဝ၉၁)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှရောင်းချခဲ့သော ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်မှ စက်မှုမြေကွက် ဝယ်ယူထားသူများသိရှိစေရန်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အရစ်ကျငွေပေးသွင်းသောစနစ်ဖြင့် ရောင်းချခဲ့သော ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်မှ စက်မှုမြေကွက်များ၏ ကျသင့်တန်ဖိုးပေးသွင်းရန် ကျန်ရှိသူများသည် ၃၁-၈-၂၀၁၀ ရက် နောက်ဆုံးထား၍ ငွေအကြေပေးသွင်းရမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သုံးရက်ဆက်တိုက် သုံးကြိမ်ကြော်ငြာခဲ့သော်လည်း အချို့မှာ ငွေပေးသွင်းရန်ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်မှ စက်မှုမြေကွက်ဖိုးငွေ အကြေပေးသွင်းရန် ကျန်ရှိသူများအနေဖြင့် ၂၈-၂-၂၀၁၁ ရက်နောက်ဆုံးထား၍ ပေးသွင်းရန် နောက်ဆုံးအကြိမ် နှိုးဆော်အပ်ပါသည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက စက်မှုမြေကွက်ဝယ်ယူခွင့်ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် အမှန်တကယ်လုပ်ကိုင်မည့် မြေကွက်ဖိုးငွေတစ်လုံးတစ်ခဲတည်း အကြေပေးသွင်း ဝယ်ယူသူများသို့ ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်မှ အောက်ဖော်ပြပါ မော်ချီးခဲသတ္တုရိုင်းများ ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ **ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်**	-	TIN, TUNGSTEN, SCHEELITE, MIXED CONCENTRATES MAWCHI MIXED ORE (166.125)Mts
၂။ **DELIVERY**	-	AT YANGON SITE
၃။ **PRICING**	-	PRICING TO BE QUOTED IN EURO ONLY
၄။ **PAYMENT**	-	(T.T) NOT LATER THAN (30) DAYS, AFTER ACCEPTANCE OF THE OFFER.
၅။ **တင်ဒါပိတ်ရက်နှင့်အချိန်**	-	၂၂-၂-၂၀၁၁ရက် မွန်းတည့် ၁၂နာရီ
၆။ **တင်ဒါပေးသွင်းရမည့်နေရာ**	-	မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက် ဖုန်း-၀၁-၃၇၀၅၆၁၊ ၀၁-၃၇၁၀၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက်
အမှတ် (၂၄/၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊
မြဝတီဘဏ်လီမိတက် (ယခင်ဗဟိုဘဏ်)အဆောက်အအုံ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုမြို့အပိုင်း(၄)ရှိ မြေကွက်အမှတ် ၁၂၇၊ ဧရိယာ၂ဒသမ၁၁၇ဧကကိုအမည်ပေါက်ဦးမြင့်ဇော်၁၂/သလန(နိုင်)၁၈၂၅၂၇ ထံမှ ဦးခင်သိန်း(ခ)ကျော်ဟန်(ခ)တန်ဗှာစွမ်း၁၂/လမန(ဧည့်)၀၀၀၃၇၇က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယ ဉာဏ ရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^ခ၊ မြေကွက်အမှတ်(၄/၂၂၈)၊ ကာယ ၁၂လမ်းရှိ တည်နေရာမြေကွက်၏ ငယ်စာရင်းအမည်ပေါက် ဦးဟုန်လှိုင်သည် ၃၀-၆-၂၀၀၉ ရက်တွင် ကွယ်လွန်ကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာတို့ကို တင်ပြလျက် ဇနီးဖြစ်သူ ဒေါ်ဘူးတင် ၁၂/တမန(နိုင်)၀၄၈၄၅၆က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊နည်းဥပဒေ-၁နှင့်၅)
မြစ်ကြီးနားခရိုင်တရားမရုံး၌
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဒေါ်ကျန်းရှင်းတင့် **နှင့်** ဦးဝင်းတင့်
တရားလို **တရားပြိုင်**

ဦးဝင်းတင့်(Two Star)စတီးလ်ရောင်းဝယ်ရေး၊ ဈေးချိုမန်းပလာဇာရပ်၊ ၂၈လမ်း၊ မန္တလေးမြို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း၅၀ရလိုမှု၊ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မတ်၄ရက်(၁၃၇၂ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းဝင်း
ဒုတိယခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
မြစ်ကြီးနားခရိုင်တရားမရုံး၌
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၃၆

ဒေါ်ဟာဂျီမရှာဘီဒါဘီဘီ(ခ)မူမူသိန်း **နှင့်** ဦးဟာဂျီမိုဟာမက်ဖာရိဒ်(ခ) မင်းမင်း(ခ)မင်းကိုနိုင်
တရားလို **တရားပြိုင်**

ဦးဟာဂျီမိုဟာမက်ဖာရိဒ်(ခ)မင်းမင်း(ခ)မင်းကိုနိုင်၊ ဒါရိုက်တာ (လပ်ကီးတော့ပ်စတားကုမ္ပဏီ) အမှတ် ၂၈၊ ၁၃၃လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မတ် ၄ရက် (၁၃၇၂ခုနှစ် တပို့တွဲလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းဝင်း
ဒုတိယခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး။

ကြော်ငြာစာ
အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တိုင်းဒေသကြီးတရားရုံးတော်၌
၂၀၁၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၉
ကွယ်လွန်သူတို့ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဦးလှရွှေ(ခ)ပူနီသာရာဂျမ်း **လျှောက်ထားသူ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ အခန်း၃၀၁၊ တိုက်ဖြေ ဦးလှရွှေ(ခ)ပူနီသာရာဂျမ်းက ကွယ်လွန်သူ Hajee Syed၊ Ismail Shirazee နှင့် Mabub Khan (ခ)ဦးအေးတို့၏ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ Hajee Syed၊ Ismail Shirazee နှင့် Mabub Khan(ခ)ဦးအေးတို့မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၁ခုနှစ် မတ် ၁ ရက်(၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ၉း၃၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးလှရွှေ(ခ)ပူနီသာရာဂျမ်း၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးအေးခိုင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၄၉၅၁၃ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၃/ကလန(နိုင်)၀၅၆၉၆၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ တာချီလိတ်။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ် (၅၃၈-၅၄၀)၊ အခန်းအမှတ် (၀၀၁-၁၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်(ခ)ညွန့်ညွန့်နိုင် ၁၂/တမန(နိုင်)၀၆၀၇၈၃ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်လှလှမြင့် ၁၂/တမန(နိုင်) ၀၆၃၆၈၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့စက်မှုဇုန်(၂)၊ ဒဂုံတောင်(တိုးချဲ့)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၄၊ အကြီးစားစက်မှုမြေကွက်အမှတ် ၂၈ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးသီဟ ၁၂/ရကန(နိုင်)၀၅၉၄၂၀ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်တုံကျိုဇီ ၁၃/လရန(နိုင်) ၀၈၄၂၃၁ က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၆၂၆၂၅ Anbo Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးဇော်ဇော် ၁၄/ရကန(နိုင်)၀၈၁၄၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တာချီလိတ်။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယ ဉာဏ ရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^က၊ မြေကွက်တည်နေရာအမှတ်(၁/၆၅)၊ အမှတ် ၂၅၉၊ မဥ္စူလမ်းရှိ တည်နေရာမြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးဝင်းမြင့်ထံမှ ၂၀-၉-၂၀၁၀ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်စိန် ၁၂/ဗတထ(နိုင်)၀၃၀၈၆၄က ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

အဆိုပြုလွှာလက်ခံယူ

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသန နုဂ္ဂဟအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က သန်လျင် အထက(၁)၌ ကျင်းပရာ ခရိုင်သာသန နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေး အသင်းဝင်အဆိုပြုလွှာ လက်ခံယူစဉ်။ (၁၈၄)

လယ်ဝေးမြို့နယ်၌ စာကြည့်တိုက်များဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီက နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာ ပိတောက်ရွှေဝါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ဒေသခံတပ်နယ်မှ ဗိုလ်မှူးမိုးမြင့်ဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်တို့က အမှာစကားများပြောကြားပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ ကွမ်းခြံကျေးရွာ မြသရဖူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သထုံမြို့၌ ကျောင်းဆောင်သစ်ဖွင့်

သထုံ ဖေဖော်ဝါရီ ၉

သထုံခရိုင် သထုံမြို့နယ် ကြက်တူရွေးသောင်အုပ်စု ရှမ်းစုကျေးရွာတွင် အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်နုက ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက လှူဒါန်းသော အလှူငွေကျပ် ၃၀၀၀၀ ကို အထကခွဲညောင်ချောင်းကျောင်းအုပ်ဆရာမကြီး လက်ခံယူသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲ ဆက်လက်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ထူးချွန်ဆုနှင့် စာရိတ္တဆုရရှိသော ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ကြက်တူရွေးသောင် အမက မူလွန်မှ ဆရာမများအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး မင်းပြား၌ သင်တန်းဖွင့်

မင်းပြား ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက မင်းပြားမြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးထွန်းအေးကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။

(အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာခင်း

ရေးမြို့နယ် အစင်ကျေးရွာ အောင်ဇေယျလမ်းတွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂ ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပျော်ရွှင်လေ့လာ အပန်းဖြေစရာ ဆာဖာရီဥယျာဉ်(နေပြည်တော်)မှာ....

တွေ့ဆုံမေးမြန်းသူ - ဝင်းကျော် (မြန်မာ့အလင်း) ➤ ဓာတ်ပုံ - ကျော်သူဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ဆာဖာရီဥယျာဉ်(နေပြည်တော်)....။

နာမည်ကြားရုံဖြင့် စိတ်ဝင်စားဖွယ်ကောင်းမည့် နေရာတစ်ခုဟု ယူဆမိသည်။ တည်နေရာကား ရန်ကုန်-မန္တလေးကားလမ်းဘေး မိုင်တိုင်အမှတ် ၂၅၇/၀ တွင် တည်ရှိသည်။ အနီးဝန်းကျင်၌ကား တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)တို့နှင့် ဆက်စပ်လျက်ရှိသည်။

စာနယ်ဇင်းရှင်းလင်းပွဲ

ဆာဖာရီဥယျာဉ်(နေပြည်တော်)အား (၆၄)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ဆာဖာရီဥယျာဉ်နှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါဥယျာဉ်ရှင်းလင်းဆောင်၌ ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် သိလိုသည်များ မေးမြန်းလေ့လာနိုင်ရန် သွားရောက်ခဲ့သည်။

ဆာဖာရီဥယျာဉ်သည် အကျယ်အဝန်းအားဖြင့် ၂၈၁ ဒသမ ၅၂ ဧကရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် MRT ကုမ္ပဏီက တည်ဆောက်ခဲ့ကြောင်း သိရသည်။ ဆာဖာရီဥယျာဉ်တွင် ပြကွက်ပေါင်း သုံးကွက်ရှိရာ အာရှပြကွက်၊ ဩစတြေးလျပြကွက်နှင့် အာဖရိကပြကွက်ဟူ၍ ခွဲခြားထားကြောင်းသိရသည်။

ကျားလေး ရိုန်း ရေသောက်နေပုံကို ဤသို့ တွေ့ခဲ့ရသည်။

ဥယျာဉ်ပတ်လမ်းပေါ်၌ ငှက်ကုလားအုတ်များကလည်း ဤသို့ လွတ်လပ်စွာ သွားလာနေကြသည်။

အဆိုပါ ပြကွက်များနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးဖြစ်သည့် သစ်တောဦးစီးဌာန တိရစ္ဆာန်နှင့် ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအား တွေ့ဆုံမေးမြန်းရာ -

"ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ဒီဆာဖာရီဥယျာဉ်ကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နဲ့ မြန်မာနိုင်ငံသာမက စာမျက်နှာ ၅ ကော်လံ ၁ ●

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု

ကျော်ရဲမင်း၏
" ပြည်ထောင်စုကြီး ဖြိုခွဲမည့်အကြံ ဒို့လက်မခံ "
ဆောင်းပါး စာ - ၈၊ ၉

ဇော်မင်းမင်းဦး၏
" တက်ညီလက်ညီ ပြည်သစ်တည် "
ကဗျာ စာ - ၉

ဝေရှင်၏
" ဒို့ပြည်ထောင်စု "
ကာတွန်း စာ - ၈

ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၇ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော်မြန်မာ့အသံနှင့် MRTV-4 အစီအစဉ်များမှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)